mgyoe.com

စိတ်ကူးချိုချိုအနုပညာ

နိုင်ငံခြားဗုဒ္ဓသာသနာပြုများအတ္ထုပ္ပတ္တိ

# အတ္ထုပ္ပတ္တိထူး

မင်းယုဝေ

mgyoe.com

တတိယအကြိမ်



mgyoe.com
mgyoe.com

mgyoe.com

အတ္တုပ္ပတ္တိထုး

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၁၀၁၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၃၁၁၁၁၁၀ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က တတိယအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၁၁ခုနှစ်၊ မတ်လတွင် တန်ဖိုး ၂၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်၊ ညီဝင်းမြင့်

၉၂၀

မင်းယုဝေ

အတ္တုပ္ပတ္တိထုး / မင်းယုဝေ ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၃ ကြိမ်၊ ၂၀၁၁။

စာမျက်နှာ ၃၁၇ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၇.၅ စင်တီ

(၁) အတ္တုပ္ပတ္တိထုး

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | က |
| ၁။ | အင်္ဂလိပ်ဘုန်းတော်ကြီး အရှင်အာနန္ဒာမေတ္တေယျ | ၁ |
| ၂။ | ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏတိလောက | ၄၉ |
| ၃။ | အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ | ၆၆ |
| ၄။ | နီပေါလ်သီလရှင် ဒေါ်သုဓမ္မဝတီ | ၁၁၁ |
| ၅။ | အမေရိကန်လူမျိုး ဗိုလ်မှူးကြီးအော်လကော့ | ၂၀၃ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ

ဤစာအုပ်တွင် နိုင်ငံခြားသား ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ် အင်္ဂလိပ်ဘုန်းတော်ကြီး အရှင်အာနန္ဒာမေတ္တေယျ၊ ဂျာမန် ဘုန်းတော်ကြီး အရှင်ဉာဏတိလောက၊ အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ၊ နီပေါလ်သီလရှင် ဒေါ်သုဓမ္မဝတီ၊ အမေရိကန် စစ်ဗိုလ်မှူးကြီး အော်လကော့တို့၏ အကြောင်းများကို တင်ပြထားပါသည်။ ထိုပုဂ္ဂိုလ်တို့သည် လောကီစည်းစိမ် ဥစ္စာတို့ကို စွန့်လွှတ်လျက် ဗုဒ္ဓသာသနာဝင်အဖြစ်သို့ ကူးပြောင်းကာ ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် အံ့ချီးဖွယ်စွန့်စားဆောင်ရွက်ကြသူများ ဖြစ်ကြပါသည်။ သူတို့အကြောင်း ကြားနာရသည်မှာ စိတ်ဝင်စားဖွယ်လည်း ဖြစ်ပါသည်။ ကြည်ညိုဖွယ်၊ မြတ်နိုးဖွယ်၊ အားတက်ဖွယ်၊ အတုယူဖွယ်၊ သာဓုခေါ်ဖွယ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် သူတို့အကြောင်းကို ကျွန်တော် လက်လှမ်းမီသမျှ

mgyoe.com

mgyoe.com


ရှာဖွေရေးသား တင်ပြခြင်းပြုပါသည်။

ဤစာအုပ်သည် စာဖတ်ရှုသူများအတွက် ဗုဒ္ဓတရားတော်ကို နှစ်လိုကြည်ညိုစိတ်၊ ထိုပုဂ္ဂိုလ်များကို အားကျမြတ်နိုးစိတ်တို့ ထင်ဟပ်လာမည်ဆိုပါက စာရေးသူအဖို့ ကြိုးပမ်းရကျိုး နပ်လိမ့်မည်ဟု ယူဆပါသည်။

ဤစာအုပ်ရေးသားနိုင်ရန်အတွက် ရှားပါးလှသော စာအုပ်စာတမ်းများကို ငှားရမ်းကူညီကြသော စာရေးဆရာ ပါရဂူ၊ ဦးသော်ကောင်း (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်)၊ ဦးသန်းထွတ်(တိုက်စိုး)၊ ဦးဟန်ဌေး(သုတေသနအရာရှိ)၊ ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)၊ ဦးထွန်းရှိန်(ဗဟိုမြေယာကော်မတီရုံး)၊ ပါမောက္ခဦးတင်လွင်၊ ဦးလှအောင် (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)တို့ကို အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ထို့ပြင် ဤစာအုပ်ကို ရေးသားပြုစုရာ၌ ကူညီကြသော အစ်ကိုကြီး ဦးကျော်ငြိမ်း(အငြိမ်းစားညွှန်ကြားရေးမှူး)၊ တက္ကသိုလ်ဝင်းမွန်(အောင်ခန့်)၊ ဦးကိုလေး(လယ်ဝေး အ၊ထ၊က ကျောင်းအုပ်ကြီး)၊ ဆရာတော် ဦးဓမ္မဝံသ(သန်လျင်ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်ဟောင်း)၊ အရှင်ဥတ္တရ(ဓမ္မာစရိယ၊ ဘီအေ) (ကုက္ကိုင်းတေဇိန္ဒာရာမကျောင်းတိုက်) တို့ကိုလည်း အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ထို့နောက် ရေးပြီးစာမူကြမ်းများကို ဂရုတစိုက် ဖတ်ရှု၍ အကြံဉာဏ်များပေးကြသော အယ်ဒီတာ ဦးလေးမြိုင်နှင့်

mgyoe.com

mgyoe.com


ဆရာတော် အရှင်တိလောကသာရ(ရဝေထွန်း) တို့ကိုလည်း ကောင်း၊ စာရေးသူသိလိုသော အချက်အလက်များကို စာရေး သားဖြေကြားကူညီကြသော နီပေါလ်ပြည်မှ ဆရာလေး ဒေါ်သုဓမ္မဝတီ (နီပေါလ်)တို့ကိုလည်းကောင်း၊ ဤစာအုပ် ပေါ် ထွက်လာရန် အားပေးကူညီသော ဦးချစ်အောင်(နှလုံးလှစာပေ) ကိုလည်းကောင်း၊ အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါ သည်။

အထူးသဖြင့် ဤစာအုပ်ကို ရေးသားပြုစုရာ၌ အစမှ အဆုံးတိုင်အပင်ပန်းခံ၍ အထူးအကူအညီပေးသော ဦးသောင်း ဟန်(သမိန်သောင်း)ကို လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း ဖော်ပြ အပ်ပါသည်။

မင်းယုဝေ
[၁၉၇၉-ခု၊ မတ်လ]

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



အင်္ဂလိပ်ဘုန်းတော်ကြီး အရှင်အာနန္ဒာမေတ္တေယျ

mgyoe.com

mgyoe.com

## အင်္ဂလိပ်ဘုန်းတော်ကြီး
## အရှင်အာနန္ဒာမေတ္တေယျ

"တစ်ခါက ကျွန်ုပ်သည် မြန်မာရွာတစ်ရွာသို့ ရောက်ရှိစဉ် အဖော်ရဟန်းများနှင့်အတူ အသုဘတစ်ခုသို့ သရဏဂုံတင်ရန် သုသာန်တစ်ခုသို့ရောက်သွားသည်။ ထိုစဉ် ကျွန်ုပ်သည် အလောင်းကို မီးသင်္ဂြိုဟ်သော နေရာအနီး၌ ဝါးကျောင်းငယ် တစ်ခုကို တွေ့ရသည်။ ထိုကျောင်းပြတင်းမှနေ၍ အထဲသို့လှမ်း ကြည့်လိုက်သောအခါ ရဟန်းအိုတစ်ပါး သိတင်းသုံးနေထိုင် သည်ကို တွေ့ရသည်။ ရဟန်းအို၏မျက်နှာမှာ အိုမင်းရင့်ရော် သောအသွင်ကို ဆောင်နေသော်လည်း ချမ်းမြေ့၍ ကြည်လင် တောက်ပလျက်ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် မျက်လုံး အစုံသည် ကြည်လင်တောက်ပလျက် ရှိသည်။ ထိုကြည်လင် တောက်ပမှုသည် အကျင့်သိက္ခာနှင့် ပြည့်စုံ၍ အမှန်တရားကို

mgyoe.com

mgyoe.com

သိမြင်မှုကြောင့် ရောင်ပြန်ဟပ်မှုပင် ဖြစ်သည်ဟု ယူဆမိသည်။

ရဟန်းအိုၐ် ကြည်ညိုဖွယ်အသွင်ကြောင့် ကျွန်ုပ်သည် အနီးသို့ ချဉ်းကပ်လျက် ဤသုသာန်သည် ရွာနှင့် အလှမ်းဝေးလှကြောင်း၊ နေရာမှာလည်း သူသေတို့ကို မီးရှို့ရာနေရာဖြစ်ကြောင်း၊ ဘေးရန်လည်းများလှ၍ စက်ဆုပ်ဖွယ်ရာလည်းဖြစ်ကြောင်း၊ အဘယ်ကြောင့် ဤနေရာ၌ သီတင်းသုံးနေပါကြောင်း မေးမြန်းလျှောက်ထားမိသည်။

ထိုအခါ ရဟန်းအိုက သူသည် ပျို့ရွယ်စဉ် လူဝတ်ကြောင် ဘဝက အမျက်ဒေါသကြီးခဲ့ကြောင်း၊ စိတ်မြန်လက်မြန်လည်း ရှိခဲ့ကြောင်း၊ ထို့ကြောင့် မကြာခဏ ရန်ခိုက်ဒေါသဖြစ်ကာ ဒုက္ခရောက်ခဲ့ရကြောင်း၊ တစ်နေ့တွင်မူ သူ့အဖြစ်ကို ပြန်လည်သုံးသပ်ကာ ပြုပြင်ရန် ဆန္ဒဖြစ်ပေါ်လာကြောင်း၊ သို့ဖြင့် ရဟန်းတော်တစ်ပါးထံ ချဉ်းကပ်၍ သူ့ဆန္ဒကို ပြောပြခဲ့ကြောင်း၊ ထိုအခါ ရဟန်းတော်က "ဤလောက၌ လူမိုက်တို့သည် ငါတို့သေကြလိမ့်မည်ဟု မသိကြကုန်။ ထိုမသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် မငြိမ်းနိုင်ကုန်။ ဤလောက၌ ပညာရှိသူတို့သည် ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ငြိမ်းနိုင်ကုန်၏" ဟူ၍ ဗုဒ္ဓ၏အဆုံးအမဖြစ်သော ဓမ္မပဒ ပါဠိတော်လာ အဆုံးအမတစ်ရပ်ကို ရွတ်ဆိုပြခဲ့ကြောင်း၊ ချက်ချင်းပင် သူသည် သတိသံဝေဂရကာ ရဟန်းဘောင်သို့ ကူးပြောင်းခဲ့ကြောင်း ပြောပြခဲ့သည်။

တစ်ခါတစ်ရံ လူတို့သည် ကုသိုလ်ကံ အကျိုးပေးအရ

mgyoe.com

mgyoe.com




အရှင်အာနန္ဒာမေတ္တေယျနှင့် မြန်မာဒါယကာအချို့

mgyoe.com

mgyoe.com


ဗုဒ္ဓ၏တရားတော်မှ အဆုံးအမ အနည်းငယ်မျှ နာကြားရရုံဖြင့် အမှန်တရားကို ချက်ချင်းနားလည် သဘောပေါက်နိုင်ခဲ့ကြသည်။ အမှောင်ခန်းအတွင်းသို့ မီးအိမ်ကို ယူလာသောအခါ အလင်းရောင်ရသကဲ့သို့ ဗုဒ္ဓ၏တစ်ပိုဒ်မျှသော ဂါထာသည်ပင် လျှင် လူတို့၏စိတ်ကို အလင်းရောင် ရစေနိုင်ခဲ့သည်။ ထိုအခါ ဘဝသစ်သို့ ရောက်ရှိသွားသူပမာ စိတ်သစ်လူသစ် ဖြစ်သွားပေတော့သည်။

"ငါတို့ သေကြလိမ့်မည်" ဟူသော စကားသည် ရှင်းလင်းလွယ်ကူသည်နှင့်အမျှ အလွန်ပင် လေးနက်လှသည်။ အဓိပ္ပာယ်ပြည့်ဝလှသည်။ ထိုစကား၏တန်ဖိုးကို သာမန်အသိအမြင်ဖြင့် မသိမမြင်နိုင်။ စိတ်၏ အဇ္ဈတ္တသန္တာန်တွင် အလင်းရောင် ရရှိသူမှသာလျှင် ထိုးထွင်းသိမြင်နိုင်ပေသည်။

ဤအသိအမြင်မျိုးကို ရဟန်းအိုဖြစ်လာမည့် လုလင်သည် သိရှိလိုက်သည်။ သိရှိလိုက်သဖြင့်လည်း မြင့်မြတ်လှသော ရဟန်းဘဝသို့ ရဲဝံ့စွာကူးပြောင်းလိုက်သည်။ သူ၏ အမျက်ဒေါသတို့ကို ကြိုးပမ်းပယ်သတ်သည်။ တစ်စက်တစ်စက်ကျသော ရေသည် ကာလကြာသော် ရေအိုးကိုပြည့်စေနိုင်ခဲ့သည် မဟုတ်ပါလော။ ထို့အတူ လုလင်ပျိုရဟန်းသည် အမျက်ဒေါသကို တစ်စတစ်စ ပယ်သတ်ခဲ့ရာ အတော်အတန် ပယ်သတ်နိုင်ခဲ့သည်။ သို့ရာတွင် လုံးဝကင်းစင်အောင်ကား ပယ်သတ်၍မရဖြစ်နေသည်။ သို့ဖြင့် သူသည် ယခင် အမြင်ထူးရစေခဲ့သော တရားကို ပိုမိုခံစားသိမြင်နိုင်ရန် သုသာန်မြေသို့ မကြာခဏ

mgyoe.com

mgyoe.com


ကြွရောက်သည်။ တရားဘာဝနာ ရှုသည်။ ယင်းသို့ ကြွရောက်ရှုရာမှ သုသာန်မြေ၌ အမြဲနေထိုင်လျက် တရားဘာဝနာရှုရန် ဆန္ဒဖြစ်လာသည်။ နောက်ဆုံးတွင် သူ၏ဆန္ဒကို ဖြည့်စွမ်းသောအနေဖြင့် ရွာသားများက ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရာ ထိုနေရာ၌ အမြဲသီတင်းသုံး နေထိုင်ခွင့်ရခဲ့သည်။ သေခြင်းတရားကို နေ့စဉ်ဘာဝနာပွားကာ တရားမြတ်ကို ပိုမိုရှာဖွေနိုင်ခဲ့သည်။ သူ ရှာဖွေတွေ့ရှိသော တရားမြတ်ကို ရွာသားများအားလည်း ပြန်လည်ဟောကြား၍ အမှန်တရားကို ညွှန်ပြခဲ့သည်။ ရွာသားအားလုံးကပင် ရဟန်းအိုသည် တရားထူးတွေ့ကာ ပေါက်မြောက်နေသူဖြစ်သည်ဟု ပြောကြားသည်။ ကျွန်ုပ်ကလည်း ဤကဲ့သို့ပင် ယူဆမိပါသည်။

အထက်ပါ အကြောင်းအရာသည် အင်္ဂလိပ်လူမျိုး၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး အရှင်အာနန္ဒာမေတ္တေယျ ရေးသားသော စာတမ်းမှ ကောက်နုတ်ချက်ဖြစ်သည်။ အရှင်အာနန္ဒာမေတ္တေယျသည် မြန်မာပြည်တွင် နှစ်အတော်ကြာ နေထိုင်ခဲ့ရာမှ သူ့ကိုယ်တွေ့တစ်ရပ်ကို ထည့်သွင်းတင်ပြထားခြင်း ဖြစ်သည်။ ဤသို့တင်ပြရာမှ– လူတစ်ယောက်သည် အမှန်တရားကို သိမြင်လိုက်သည်နှင့်တစ်ပြိုင်နက် အများကတန်ဖိုးရှိသည်ဟု ယူဆနေသောအရာတို့ကို စွန့်လွှတ်ကာ အမှန်တရားနောက်သို့ ကောက်ကောက်ပါအောင် လိုက်တတ်ပုံကိုလည်း ဤသို့ ဆက်လက်တင်ပြထားပြန်သည်။

"လူ့ဘဝတွင် အမှန်တရားသည် အလွန်အရေးကြီးလှ

mgyoe.com

mgyoe.com




အရှင်အာနန္ဒာမေတ္တေယျနှင့် ဗုဒ္ဓသာသနသမာဂမအဖွဲ့ အမှုဆောင်လူကြီးများ
(ထိုင်နေသူမှာ ဒေါ်မြမေ ဖြစ်သည်။)


mgyoe.com

mgyoe.com


သည်။ လူတစ်ယောက်သည် အမှန်တရားကို သိမြင်သည်နှင့် တစ်ပြိုင်နက် အများကတန်ဖိုးရှိသည်ဟု ယူဆနေသော အရာတို့ကို စွန့်လွှတ်ကာ အမှန်တရားနောက်သို့ ကောက်ကောက်ပါအောင် လိုက်တတ်ကြပေသည်။ ထိုသို့ လိုက်ကြခြင်း၏အကြောင်းရင်းဇာတ်မြစ်ကို လူများသည် မသိမမြင်နိုင်ကြပေ။ ထို့ကြောင့် ကျွန်ုပ်၏နိုင်ငံ(အင်္ဂလန်နိုင်ငံ)တွင် လူပေါင်းများစွာတို့သည် ဗုဒ္ဓသားတော် ရဟန်းအဖြစ် ကူးပြောင်းခြင်း၏ အကြောင်းရင်းကို မသိမမြင်ကြချေ။ ထိုသူတို့၏အမြင်တွင် ဗုဒ္ဓဘာသာရဟန်းအဖြစ် ကူးပြောင်းခြင်းမှာ လူ့ဘဝအတွက် အသုံးမဝင်၊ လူ့လောကကြီးနှင့် ဇနီးသားသမီးများအပေါ် တာဝန်မကျေ၊ ကိုယ်လွတ်ရုန်းသည်ဟု ထင်မြင်ယူဆကြသည်။ ဤသို့ ထင်မြင်သည်ကို အပြစ်မယူလိုပေ။ ရဟန်းအိုမြင်သကဲ့သို့ အမှန်တရားကို မမြင်မိသောကြောင့်သာ ဖြစ်ပေသည်။"

ဤတင်ပြချက်သည် သူဘာကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် လောကီကိစ္စတို့ကို စွန့်လွှတ်လျက် ဗုဒ္ဓဘာသာ ရဟန်းဘဝကို ခံယူခဲ့ပုံကို တစ်စိတ်တစ်ဒေသ ညွှန်ပြသကဲ့သို့ ရှိပေသည်။

ဗုဒ္ဓသာသနာ ထွန်းကားသော မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းစသည့်နိုင်ငံများတွင် လောကီစည်းစိမ်တို့ကို စွန့်လွှတ်ကာ ရဟန်းဘောင်သို့ ကူးပြောင်းသွားခြင်းကို လူအများပင် နားလည်သဘောပေါက်ကြမည် ဖြစ်သည်။ သို့ရာတွင် အင်္ဂလန်ကဲ့သို့ ဗုဒ္ဓသာသနာ ထွန်းကားခြင်းမရှိသေးသည့် နိုင်ငံမျိုးတွင်ကား ဗုဒ္ဓဘာသာရဟန်းအဖြစ် ခံယူသွားခြင်းကို မည်သို့မျှ နားလည်

mgyoe.com

mgyoe.com


နိုင်မည်မဟုတ်ပေ။ အထူးသဖြင့် အရှင်အာနန္ဒာမေတ္တေယျ ရဟန်းဘောင်သို့ ဝင်သည့်အချိန်အခါ၌ သူ့နိုင်ငံသားများသည် သူ ဗုဒ္ဓဘာသာရဟန်းအဖြစ် ခံယူခြင်းကို ပိုမို၍ နားမလည်နိုင်အောင် ဖြစ်ကြပေမည်။ အဘယ့်ကြောင့်ဆိုသော် အရှင်အာနန္ဒာမေတ္တေယျသည် အင်္ဂလိပ်လူမျိုးများအထဲမှ ဗုဒ္ဓသားတော် ရဟန်းအဖြစ် ရှေးဦးစွာ စွန့်စားခံယူသူတို့အထဲတွင် တစ်ပါးအပါအဝင်ဖြစ်သောကြောင့်ပင်။

ထို့ကြောင့် သူ၏ဆွေမျိုး မိတ်သင်္ဂဟများက ရဟန်းမပြုရန် ဝိုင်းဝန်းတားမြစ်ကြသည်။ မည်သို့မျှ တားမြစ်သော်လည်း သူသည် လောကီစီးပွား ချမ်းသာတို့ကိုသာမက မိဘဆွေမျိုးများကိုပါ စွန့်ခြင်းကြီး ကြီးစွာဖြင့်စွန့်၍ ရဟန်းပြုခဲ့ပေသည်။ တစ်နည်းအားဖြင့် အမှန်တရားကို သိမြင်လိုက်သောကြောင့် ထိုအမှန်တရားနောက်သို့ ရဲဝံ့စွာ ကောက်ကောက်ပါအောင် လိုက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုရပေမည်။

ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်အခါကလည်း ဤကဲ့သို့ သာသနာ့ဘောင်သို့ အကူးရခက်သည့်ဖြစ်ရပ်များ ရှိခဲ့လေသည်။ အရှင်ရဋ္ဌပါလမထေရ်နှင့် အရှင်မသုမေဓာထေရီတို့သည် ဗုဒ္ဓသာသနာတော်သို့ ခဲယဉ်းစွာ ကူးပြောင်းရသူများအနက် ထင်ရှားသောပုဂ္ဂိုလ်များ ဖြစ်၏။

ရဋ္ဌပါလသည် တစ်ဦးတည်းသော သူဌေးသားဖြစ်သည်။ အသက်အားဖြင့်လည်း ငယ်ရွယ်နုပျိုသေးသည်။ ကုဋေများစွာ ထိုက်တန်သော ရွှေငွေဘဏ္ဍာ တိုက်တာအဆောက်အအုံနှင့်

mgyoe.com

mgyoe.com


လယ်ယာပစ္စည်းများသည် ရဋ္ဌပါလအတွက် အမွေဆက်ခံယူရန် အသင့်ရှိနေသည်။ ယင်းကဲ့သို့ ချမ်းသာကြွယ်ဝသော သူဌေးသားဘဝ၌ ရှိနေသော်လည်း ရဋ္ဌပါလသည် ဗုဒ္ဓ၏တရားလမ်းစဉ်ကို ကြားနာရသောအခါ စည်းစိမ်အားလုံးကိုစွန့်လွှတ်၍ ရဟန်းပြုလေသည်။

ရဟန်းပြုသည်ဆိုရာ၌ လွယ်ကူသည်ကား မဟုတ်ပေ။ ရဟန်းပြုခွင့်ကို အသက်နှင့်လဲ၍ ရယူခဲ့ရလေသည်။ မိဘနှစ်ဦးဖြစ်သူ သူဌေးကြီးလင်မယားသည် ရဋ္ဌပါလရဟန်းပြုခွင့်တောင်းသော်လည်း ခွင့်မပြုကြ။ အကြိမ်ကြိမ် အဖန်ဖန်ပင်တားမြစ်ကြလေသည်။ မြောက်မြားစွာသော စည်းစိမ်ဥစ္စာတို့ကို ရဋ္ဌပါလ တစ်ဦးတည်းသာလျှင် အမွေဆက်ခံယူမည့်သူရှိ၍ ရဟန်းပြုခွင့်မပေးနိုင် ရှိနေကြသည်။

ထိုအခါ ရဋ္ဌပါလသည် အစာမစားဘဲ နေလေတော့၏။ "အသက်သေချင်လည်း သေစေတော့၊ ရဟန်းပြုခွင့်မရသမျှကာလပတ်လုံး အစာမစားတော့ပါ" ဟုဆိုကာ ဆိတ်ဆိတ်နေလေတော့၏။ ဤတွင်မှ သူဌေးကြီးလင်မယားသည် "အသက်သေခြင်းထက် ရဟန်းပြုခြင်းက သင့်လျော်သေးသည်။ သားဖြစ်သူကို ရဟန်းအဖြစ်နှင့် တွေ့မြင်နိုင်သေးသည်" ဟု ဆုံးဖြတ်ကာ ရဟန်းပြုခွင့် ပေးလိုက်လေသည်။

ရဋ္ဌပါလသည် ရဟန်းပြုပြီး ဗုဒ္ဓ၏တရားလမ်းစဉ်အတိုင်း ကျင့်သုံးအားထုတ်သဖြင့် နောက်ဆုံး၌ 'အရှင်ရဋ္ဌပါလမထေရ်' ဟူ၍ ဧတဒဂ်ရ ရဟန္တာတစ်ပါးအဖြစ် ထင်ရှားလေသည်။

mgyoe.com

mgyoe.com


သုမေဓာထေရီသည်လည်း တစ်ဦးတည်းသော ဘုရင့်သမီးတော်ဖြစ်၏။ ပျိုမျစ်နုနယ် ငယ်ရွယ်သူဖြစ်ရုံမက ရုပ်ဆင်းရူပကာ လှပတင့်တယ်၏။ ယဉ်ကျေးသိမ်မွေ့၏။ အမြော်အမြင် အသိပညာနှင့် ပြည့်စုံ၏။ မိမိနိုင်ငံ၌သာမက အခြားနိုင်ငံအသီးသီးမှ မင်းညီမင်းသား၊ ရှင်ဘုရင်များကပင် ထိမ်းမြားလိုကြောင်း ကမ်းလှမ်းခြင်း ခံရသူဖြစ်၏။

သုမေဓာမင်းသမီးသည် စည်းစိမ်ဥစ္စာ၊ ခြွေရံသင်းပင်း၊ အာဏာ၊ ရာထူး စသော လောကီချမ်းသာမှုတို့ကို လိုတိုင်း ရတတိုင်းဖြစ်ဟု ဆိုရလောက်အောင် ပြည့်စုံနေသူ ဖြစ်၏။ သို့သော် သူသည် ဗုဒ္ဓ၏တရားလမ်းစဉ်ကို ရဟန်းတော်များမှ တစ်ဆင့်ကြားနာခွင့်ရလိုက်သဖြင့် သာသနာ့ဘောင်သို့ ကူးပြောင်းလိုနေ၏။ ရဟန်းမအဖြစ်ဖြင့် ဗုဒ္ဓ၏တရားလမ်းစဉ်အတိုင်း ကျင့်သုံးအားထုတ်လိုနေ၏။ စည်းစိမ်ဥစ္စာ၊ အာဏာရာထူးများကို နှစ်လိုတပ်မက်ခြင်း အလျှင်းမရှိတော့ပေ။

သို့သော် ခမည်းတော်၊ မယ်တော်တို့က ရဟန်းမ ပြုခွင့်မပေး။ ကြီးကျယ်ခမ်းနားလှသော ထီးနန်းစည်းစိမ်ကို ဆက်ခံစေလိုသည်။ ရဟန်းမပြုခွင့်ကို အကြိမ်ကြိမ် တောင်းခံ၍မရသောအခါ သုမေဓာမင်းသမီးသည် သူ၏ဆံပင်ကို ကိုယ်တိုင်လှီးဖြတ်ပစ်လိုက်သည်။ ရဟန်းမပြုခွင့်မရလျှင် အစာမစားတော့ဘဲ အသက်အသေခံတော့မည်ဟု ဆန္ဒပြုလိုက်လေသည်။ ထိုအခါတွင်မှ မယ်တော်၊ ခမည်းတော်တို့က လက်လျှော့ကာ ရဟန်းမပြုရန် ခွင့်ပြုလိုက်ရလေသည်။

mgyoe.com

mgyoe.com


သုမေဓာမင်းသမီးသည် ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်ကာ ရဟန်းမပြုလေသည်။ ဗုဒ္ဓညွှန်ကြားသော တရားလမ်းစဉ်အတိုင်း ကျင့်သုံးအားထုတ်သည်။ နောင်သောအခါ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာမသုမေဓာထေရီ ဟူ၍ ထင်ရှားလေသည်။

ဗုဒ္ဓသာသနာတော်တစ်လျှောက်၌ ဤကဲ့သို့ ခက်ခက်ခဲခဲ စွန့်စွန့်စားစားဖြင့် ရဟန်းပြုရသူပုဂ္ဂိုလ် မြောက်များစွာ ရှိလေသည်။ ထိုပုဂ္ဂိုလ်မြတ်တို့သည် လောကီစည်းစိမ်ချမ်းသာတို့၏ အနှစ်သာရမရှိမှုကို ကောင်းစွာသိမြင်သော အမြင်မှန်၊ အသိမှန် ရရှိသူများ ဖြစ်လေသည်။ အကျိုးအကြောင်း၊ အဆိုးအကောင်း၊ အမှားအမှန်ကို ပိုင်းပိုင်းခြားခြား သိမြင်ကြသဖြင့် စွန့်လွှတ်နိုင်ခဲသည်ကို စွန့်လွှတ်၍ ပြုကျင့်နိုင်ခဲသည်ကို ပြုကျင့်သော ပုဂ္ဂိုလ်မြတ်များပေတည်း။

အရှင်အာနန္ဒာမေတ္တေယျသည်လည်း ထိုပုဂ္ဂိုလ်မျိုးတွင် ပါဝင်သည်ဟု ယူဆမိသည်။

အရှင်အာနန္ဒာမေတ္တေယျသည် ၁၈၇၂–ခု၊ ဒီဇင်ဘာလ ၈–ရက်နေ့တွင် အင်္ဂလန်ပြည်၊ လန်ဒန်မြို့၌ ဖွားမြင်သည်။ အဖအမည်မှာ မစ္စတာဘင်းနက် ဖြစ်သည်။ အရှင်အာနန္ဒာမေတ္တေယျ၏အမည်ရင်းမှာ ချားလ်(စ်)ဟင်နရီအယ်လင်ဘင်းနက် (Charles Henry Allan Bennett)ဖြစ်သည်။ အဖသည် လျှပ်စစ်အင်ဂျင်နီယာတစ်ယောက် ဖြစ်သည်။ အမိသည် ဗရင်ဂျီ ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ အဖသည် အယ်လင်ငယ်စဉ်

mgyoe.com

mgyoe.com


ကပင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ သူ့ကို မစ္စတာမက္ကရိကာ အမည်ရှိ ပုဂ္ဂိုလ်တစ်ဦးက သားအဖြစ် မွေးစားခဲ့ပေသည်။

အယ်လင်သည် ငယ်စဉ်ကပင် ကျန်းမာရေး မကောင်းရှာပေ။ ပန်းနာရောဂါ၏ ဖိစီးနှိပ်စက်ခြင်းကို ခံရသည်။ ထို့ကြောင့် သူ့ကို ဘတ်(သ)မြို့ရှိ ကျောင်း၌ ပို့ထားရသည်။ ဘတ်(သ)မြို့သည် ကျန်းမာရေးအတွက် ရာသီဥတုကောင်းသောကြောင့် ဖြစ်ပေသည်။

အယ်လင်သည် ကျန်းမာရေးမကောင်းသော်လည်း ပညာဉာဏ်ကား အလွန်ထက်မြက်သည်။ အထူးသဖြင့် သိပ္ပံပညာတွင် အလွန်ထူးချွန်သည်။ ထို့ကြောင့် ကျောင်းထွက်သောအခါ ရူပဗေဒ ဓာတ်ခွဲဆရာအလုပ်ဖြင့် အောင်မြင်စွာ အသက်မွေးဝမ်းကျောင်း ပြုနိုင်ခဲ့သည်။

ဤသို့ ဓာတ်ခွဲဆရာလုပ်နေစဉ် တစ်နေ့သ၌ သူသည် ဆာအက်ဒွင်အာနိုး၏ 'အာရှအလင်းရောင်' (The light of Asia) အမည်ရှိ ကဗျာရှည်ကြီးကို ဖတ်ရှုမိသည်။ ယင်းကဗျာရှည်ကြီးသည် ဗုဒ္ဓ၏ဖြစ်စဉ်နှင့် ဗုဒ္ဓတရားတော်ကို ဖွဲ့ဆိုသော ဗုဒ္ဓဝင်ကဗျာကြီးဖြစ်သည်။ ထိုဗုဒ္ဓဝင်ကဗျာကို အယ်လင် ဖတ်ရသောအခါ အထူးနှစ်သက် စွဲလမ်းမိသည်။ ထူးခြားသောခံစားမှုကို ခံစားလိုက်ရသည်။ ဗုဒ္ဓကို ကြည်ညိုသွားသည်။ ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်သွားသည်။ သို့ဖြင့် အင်္ဂလိပ်ဘာသာပြန်ဆိုထားသော ဗုဒ္ဓစာပေတို့ကို လက်လှမ်းမီသမျှ ရှာဖွေဖတ်ရှုကာ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းလိုက်လေသည်။ ထိုအချိန်၌

mgyoe.com

mgyoe.com


အယ်လင်သည် အသက် ၁၈ နှစ်ကျော်အရွယ်မျှသာ ရှိပေသည်။

'အာရှအလင်းရောင်' ဗုဒ္ဓဝင်ကဗျာကို ဖွဲ့ဆိုသူ ဆာအက်ဒွင်အာနိုးကား ဗုဒ္ဓဘာသာဝင် မဟုတ်ပေ။ အင်္ဂလိပ်လူမျိုးဖြစ်၍ ကဗျာဆရာနှင့် သက္ကတစာပေသုတေသနပညာရှင် ဖြစ်သည်။ သက္ကတစာပေကို လေ့လာလိုက်စားရာမှ ဗုဒ္ဓကိုကြည်ညိုကာ ကဗျာဉာဏ်ကွန့်မြူးပြီးလျှင် ကဗျာဖွဲ့ဆိုခြင်း ဖြစ်ပေသည်။ ထိုကဗျာရှည်ကို အာနိုးသည် ခရစ်နှစ် ၁၈၇၉ ခုတွင် ဖွဲ့ဆိုသည်။ ထိုအချိန်မှာ မြန်မာနိုင်ငံတွင် သီပေါမင်း နန်းတက်စအချိန်ဖြစ်သည်။ မြန်မာစာပေ၌ ထင်ရှားသည့် ဗုဒ္ဓဝင်ဟုဆိုအပ်သော 'ဇိနတ္ထပကာသနီကျမ်းကြီး' မှ ပေါ်ထွက်ပြီးသည်မှာ နှစ်အတန်ကြာနေပေပြီ။ သို့ရာတွင် ကျမ်းပြုဆရာတော် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကား သက်တော်ထင်ရှား ရှိနေဆဲပင်ဖြစ်သည်။ ထိုအချိန်၌ ကျီးသဲလေးထပ် ဆရာတော်ဘုရားသည် သက်တော် ၆၂ နှစ်အရွယ် ရှိနေပေပြီ။ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးသည် ခရစ်နှစ် ၁၈၁၇ ခုတွင် ဖွား၍ ၁၈၉၄ ခု၊ သက်တော် ၇၇ နှစ်တွင် ပျံလွန်တော်မူခဲ့ပေသည်။

'အာရှအလင်းရောင်' ဗုဒ္ဓဝင်ကဗျာရှည်ကြီးသည် ထူးခြားပြောင်မြောက်လှသည်နှင့်အမျှ လူကြိုက်လည်း များလှပေသည်။ ယင်းကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရာတွင် နှစ်အနည်းငယ်အတွင်း အကြိမ်ပေါင်း ၆၀ ကျော် ပြန်လည် ပုံနှိပ်ထုတ်ဝေရသည်။ ယင်း 'အာရှအလင်းရောင်' သည် ကမ္ဘာအနှံ့ ပျံ့နှံ့သည်။ အုပ်ရေပေါင်း သန်းချီထုတ်ဝေခဲ့ရသည်။

mgyoe.com

mgyoe.com


'အာရှအလင်းရောင်' ကဗျာစာအုပ်ကို အနောက်တိုင်းသားရော၊ အရှေ့တိုင်းသားများပါ နှစ်သက်မြတ်နိုးကြသည်။ ဗုဒ္ဓဘာသာတရားတော်နှင့် အလှမ်းဝေးနေခဲ့သော အနောက်တိုင်းသားများအဖို့ ထိုစာအုပ်သည် တန်ဖိုးမဖြတ်နိုင်အောင် ရှိခဲ့သည်။ အနောက်တိုင်းသားအများပင် ထိုစာအုပ်ကို ဖတ်ရှုကာ ဗုဒ္ဓကို ကြည်ညိုလာကြသည်။ ဗုဒ္ဓတရားတော်ကို စိတ်ဝင်စားလာကြသည်။ လေးစားမြတ်နိုးလာကြသည်။ အချို့မှ ထိုစာအုပ်ကိုဖတ်၍ ဗုဒ္ဓတရားတော်ကို စိတ်ဝင်စားလာပြီးလျှင် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းခဲ့ကြပေသည်။

ဤသို့ ထိုစာအုပ်ကိုဖတ်၍ ဗုဒ္ဓတရားတော်ကို စိတ်ဝင်စားကာ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းခဲ့သူတို့တွင် အယ်လင်ဘင်းနက်သည် ထိပ်ဆုံးကလည်းဖြစ်ပေသည်။ အထူးခြားဆုံးလည်း ဖြစ်ပေသည်။

အယ်လင်သည် ဗုဒ္ဓစာပေများကို လေ့လာလိုက်စားရင်း အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်သည်။ သူသည် သိပ္ပံပညာ၌ ထူးချွန်ခဲ့သည်နှင့်အညီ ဓာတ်ခွဲဆရာအလုပ်ကို အောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့သည်။ သို့ရာတွင် သူ၏ ပန်းနာရောဂါမှာ သူ့ကို အမြဲတစေ ဒုက္ခပေးနေသည်။ အလုပ်၌ အနှောင့်အယှက် ဖြစ်နေသည်။ သို့ဖြင့် ခရီးထွက်၍အနားယူရန် ဆေးခွင့်ယူလိုက်သည်။

သူ၏ရောဂါမှာ အပူပိုင်းဒေသနှင့် သင့်လျော်သဖြင့် သူသည် အရှေ့နိုင်ငံသို့ ခရီးထွက်အနားယူရန် ရည်မှန်းသည်။ တစ်ဖန် အရှေ့နိုင်ငံသို့ ခရီးထွက်ရာတွင်လည်း တစ်ချက်ခုတ်

mgyoe.com

mgyoe.com


နှစ်ချက်ပြတ် သဘောမျိုးဖြစ်စေရန် ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံသို့ သွားရောက်ရန် ရည်မှန်းပြန်သည်။ သို့ဖြင့် နောက်ဆုံး၌ သူသည် သီရိလင်္ကာသို့ အနားယူခရီးထွက်ရန် ရွေးချယ်လိုက်သည်။ ထို့နောက် ၁၈၉၈ ခု၊ အသက် ၂၆ နှစ်အရွယ်တွင် သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာလာခဲ့ပေသည်။

အယ်လင်သည် သီရိလင်္ကာ၌ ကျန်းမာရေးအတွက် အနားယူနေထိုင်ရင်း တစ်ဖက်ကလည်း ပါဠိဘာသာနှင့် ဗုဒ္ဓစာပေတို့ကို လေ့လာသင်ယူသည်။ ထိုစဉ်က သူ၏ဆရာများမှာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး အရှင်ရေဝတ စသူတို့ ဖြစ်ပေသည်။

အယ်လင်သည် ပညာဉာဏ် အလွန်ထက်မြက်သူလည်း ဖြစ်သည်။ စိတ်ဓာတ်လည်း အလွန်ပြင်းပြသူ ဖြစ်သည်။ ထို့ကြောင့် တိုတောင်းသော အချိန်ကာလအတွင်းမှာပင် ပါဠိဘာသာကို ကောင်းစွာတတ်မြောက်ခဲ့သည်။ ဗုဒ္ဓစာပေကို ကောင်းစွာ လေ့လာနိုင်ခဲ့သည်။

သူ၏စေတနာ၊ သူ၏စိတ်ဓာတ်နှင့် သူ၏ဝီရိယတို့ကို သူ၏မိတ်ဆွေများကလည်း လေးစားချီးကျူးမဆုံး ရှိကြသည်။ ထိုမိတ်ဆွေများမှာ အခြားသူများ မဟုတ်ကြ။ သီရိလင်္ကာနိုင်ငံသား ဗုဒ္ဓဘာသာဝင်မိတ်ဆွေများ ဖြစ်ကြသည်။ ထိုမိတ်ဆွေများသည် သူ့ကို ခင်မင်ရင်းနှီးသည်နှင့်အမျှ လိုအပ်သောအကူအညီများလည်း ပေးခဲ့ကြပေသည်။

အယ်လင်သည် ဗုဒ္ဓဘာသာတရားတော်ကို ကျနစွာ ဆည်းပူးပြီးသောအခါ ပြန်လည်ဟောပြောလိုသောဆန္ဒ ဖြစ်ပေါ်

mgyoe.com

mgyoe.com


လာပြန်သည်။ သို့ဖြင့် ၁၉၀၁ ခု၊ ဇူလိုင်လတွင် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ရှိ သီအိုဆိုဖီအသင်းတိုက်၌ ဗုဒ္ဓ၏သစ္စာလေးပါး တရားတော်ကို ဟောပြောခဲ့သည်။ ထိုစဉ်က သူသည် အသက် ၂၉ နှစ်အရွယ် ရှိသည်။ ထိုဟောကြားချက်သည် ဗုဒ္ဓတရားတော်နှင့်ပတ်သက်၍ သူ၏ ပထမဦးဆုံးပွဲဦးထွက် တရားပင်ဖြစ်သည်။

ဤသို့ ဟောကြားပြီးနောက် အယ်လင်သည် ဗုဒ္ဓတရားတော်ကို ပိုမို၍ ကြည်ညိုသည်ထက် ကြည်ညိုလာသည်။ နောက်ဆုံးတွင် လူဝတ်ကြောင်ဖြင့် မနေလိုတော့ဘဲ ဗုဒ္ဓ၏ သားတော်ရဟန်းအဖြစ် ကူးပြောင်းနေထိုင်လိုလာသည်။ သူသိမြင်နားလည်သော ဗုဒ္ဓတရားတော်မြတ်ကို သူ့နိုင်ငံသူ နိုင်ငံသားများ အမှုူးပြုသည့် အနောက်တိုင်းသားများသို့ ဖြန့်ဖြူးဝေငှရန် စိတ်ဆန္ဒပြင်းပြလာသည်။ သို့ဖြင့် အင်္ဂလန်ရှိသူ၏ဓာတ်ခွဲဆရာ အလုပ်ကို စွန့်လွှတ်လိုက်သည်။ လောကီကြီးပွားချမ်းသာမှုတို့ကို စွန့်လွှတ်လိုက်သည်။

ထို့နောက် ၁၉၀၁ ခုနှစ် ကုန်ခါနီးတွင် သီရိလင်္ကာမှ မြန်မာနိုင်ငံသို့ စွန့်စားထွက်လာခဲ့သည်။ မြန်မာနိုင်ငံသည် သီရိလင်္ကာကဲ့သို့ပင် ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံဖြစ်သည် မဟုတ်ပါလော။ သူသည် သီရိလင်္ကာတွင် ၃ နှစ်ကျော်မျှ နေထိုင်ခဲ့ဖူးပြီ။ ယခုရဟန်းဘဝဖြင့် မြန်မာနိုင်ငံတွင် နေထိုင်လိုသေးသည်။ မြန်မာနိုင်ငံတွင် ကျင့်ကြံအားထုတ်နေသော ဗုဒ္ဓတရားတော်ကို လက်တွေ့ဆည်းပူး လေ့လာလိုသေးသည်။

သူသည် ရှေးဦးစွာ စစ်တွေမြို့သို့ ရောက်ရှိသည်။ ထိုမြို့

mgyoe.com

mgyoe.com


တွင်နေထိုင်ကာ ထိုနှစ်ဖြစ်သည့် ၁၉၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ အသက် ၂၉ နှစ်ပြည့်သောနေ့တွင် သာမဏောဘ၀သို့ ကူးပြောင်းခဲ့သည်။ ဒီဇင်ဘာလ ၈ ရက်ကား သူ၏မွေးနေ့ပင် တည်း။ သူသည် အယ်လင်ဘင်းနက် အမည်ကိုဖျောက်၍ 'အာနန္ဒာမေတရိယ' ဟူသော ဘွဲ့အမည်ကို ခံယူလိုက်သည်။ (နောင်အခါ ထိုဘွဲ့အမည်သည် ပါဠိတော်နှင့်လည်း မကိုက်ညီ၊ ပါဠိသဒ္ဒါနှင့်လည်း မညီညွတ်ဟုဆိုကာ 'အာနန္ဒာမေတ္တေယျ' ဘွဲ့အမည်ကို ပြောင်းလဲခဲ့သည်။)

ထို့နောက် ၁၉၀၂ ခု၊ မေလ ၂၁ ရက် (ကဆုန်ပြည့်နေ့) တွင် ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်။ စစ်တွေမြို့မှ ဆရာဝန်ကြီး ဒေါက်တာသာနုသည် သူ့ကို လေးစားကြည်ညို သဖြင့် လိုအပ်သောအကူအညီများ၊ အထောက်အပံ့များ ပေးခဲ့ သည်။ ရဟန်းဘောင်သို့ဝင်ရာတွင် သူ၏ဥပဇ္ဈာယ်ဆရာမှာ ရွှေပြားဆရာတော် ဖြစ်သည်ဆိုသည်။

အရှင်အာနန္ဒာမေတ္တေယျသည် ထိုနှစ်မှာပင် မန္တလေးမြို့ သို့ ကြွသည်။ ရွှေကျီးမြင်ဘုရား၌ တည်းခိုသီတင်းသုံး နေထိုင် သည်။ သူ့ကို ရွှေလက်ဝါးဆေးတိုက်ပိုင်ရှင် ဦးကျော်ရန်တို့က သွားရောက်တွေ့ဆုံသည်။ ရွှေကျင်နိကာယဥက္ကဋ္ဌလည်းဖြစ်၊ ဒုတိယသာသနာပိုင်လည်းဖြစ်သော အရှေ့ပြင် မဟာဝိသုဒ္ဓါ ရာမတိုက်၊ ကျေးရှူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံ ပင့်ဆောင်ခဲ့ကြသည်။

အရှင်အာနန္ဒာမေတ္တေယျသည် ရွှေကျီးမြင်ဘုရားတွင်း၌

mgyoe.com

mgyoe.com


ပင် ထိုနှစ်အဖို့ ဝါကပ်သည်။ ဆရာတော်ဦးဝိစာရသည် သူ့ထံသို့ မပြတ်ကြွရောက်၍ ဝိနည်းနှင့်စပ်သမျှကို သင်ပြရသည်။ သင်ပြရာ၌ အရှင်အာနန္ဒာမေတ္တေယျသည် မြန်မာစကားမတတ်ကျွမ်းသဖြင့် ဆရာတော်ဦးဝိစာရက စကားပြန်မှတစ်ဆင့် သင်ပေးရသည်။ ဆရာတော်ဦးဝိစာရသည် နောင်အခါတွင် အနောက်မဟာဝိသုဒ္ဓါရုံတိုက်၌ တိုက်အုပ်ဖြစ်လာခဲ့ပေသည်။

ထို့နောက် သီတင်းကျွတ်သောအခါ အရှင်အာနန္ဒာမေတ္တေယျသည် အရှေ့မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ကြွရောက်၍ 'ပဝါရဏာ' ပြုသည်။ (ပဝါရဏာ ပြုသည်ဆိုသည်မှာ ဝါကျွတ်သောအခါ၌ သက်ဆိုင်ရာရဟန်းသည် မိမိ၌ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အပြစ်တစ်စုံတစ်ရာရှိပါက ထိုအပြစ်ကို ထုတ်ဖော်ပြောရန်အတွက် အနည်းဆုံး ငါးပါးအရေအတွက်ရှိသော အခြားရဟန်းများအား လူသိရှင်ကြား ပန်ကြားခြင်းပင် ဖြစ်သည်။ ပဝါရဏာအမှုကို ပဝါရဏာနေ့ (သီတင်းကျွတ်လပြည့်နေ့)၌ ရဟန်းတိုင်း ပြုရပေသည်။)

ဤသို့ ပဝါရဏာပြုရန်အတွက် ဝါအငယ်ဆုံးဖြစ်သော အရှင်အာနန္ဒာမေတ္တေယျသည် နောက်ဆုံးမှာ နေရာယူရသည်။ သူသည် ဆောင့်ကြောင့်ထိုင်လျက် အခြားထေရ်ကြီးတို့၏ ပဝါရဏာပြုချက်ကို နာခံရင်း မိမိအလှည့်ကို စောင့်ဆိုင်းနေရသည်။ စောင့်ဆိုင်းရသည်မှာ ကြာမြင့်လှသဖြင့် ညောင်းညာလွန်းသောကြောင့် မူးလဲသွားရှာလေသည်။ ဤအကြောင်းကို သက်တော်ရှည် ရာကျော် စံကင်းဆရာတော်ဘုရားကြီး ဦးစန္ဒက

mgyoe.com

mgyoe.com


တပည့်သားများအား ဤသို့ မိန့်ကြားခဲ့ပေသည်။

"အင်္ဂလိပ်ရဟန်း ဦးအာနန္ဒာမေတ္တေယျ ရွှေကျီးမြင်မှာ ဝါဆိုတယ်။ ဦးကျော်ရန်၊ ပွဲစားကြီး ဦးကာ၊ မန်ကျည်းပင်ဈေး ဦးရင်ကလေးတို့က အရှေ့တိုက်ကို ပို့ကြတယ်။ နိုင်ငံခြားဗုဒ္ဓသာသနာပြု အဖွဲ့ခေါင်းဆောင် ဦးကျော်ရန်တို့နဲ့ ပိုပြီးရင်းနှီးတယ်။ ဆရာတော်ကြီး (ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး) အထံ ဥပဇ္ဈာယ်ယူပြီး သိက္ခာထပ်သေးသလား မသိဘူး။ အနောက်တိုက် တိုက်အုပ်ဖြစ်လာမယ့် ဦးဝိစာရတို့က စကားပြန်နဲ့ ဝိနည်းပြောပေးရတယ်။ အရှေ့တိုက်လာပြီး ပဝါရဏာပြုတယ်။ နောက်ဆုံးမှပြုရလို့ ညောင်းပြီး မူးလဲသွားတယ်။"

ထိုစဉ်က အရှင်အာနန္ဒာမေတ္တေယျ ပဝါရဏာ ပြုခဲ့သည်ကို စံကင်းဆရာတော်ဘုရားကြီးသည် ကောင်းစွာအမှတ်ရနေသောကြောင့် တပည့်သားများအား ပြန်လည်ပြောပြခြင်းဖြစ်သည်။ စံကင်းဆရာတော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၃၂ ခု၊ (ခရစ်နှစ် ၁၈၇၀)တွင် ဖွားမြင်ခဲ့သည်။ အရှင်အာနန္ဒာမေတ္တေယျထက် သက်တော် ၂ နှစ်ခန့် ကြီးလေသည်။

အရှင်အာနန္ဒာမေတ္တေယျသည် အရှေ့မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ပဝါရဏာပြုချိန်တွင် သက်တော် ၃၀ အရွယ်မျှသာရှိပေသည်။ သူသည် အရပ်မြင့်မားသည်။ ရုပ်ရည်တင့်တယ်သည်။ အသားဖြူဝင်း၍ ရွှေဝါရောင်သင်္ကန်းနှင့် လိုက်ဖက်လှသည်။ သူ့ကိုမြင်တွေ့ရသူတိုင်း ကြည်ညိုမဆုံး ရှိကြသည်။ ထိုအချိန်က အင်္ဂလိပ်များသည် ဘုန်းမီးနေလတောက်ပ၍ မြန်မာ

mgyoe.com

mgyoe.com


နိုင်ငံအလုံးကို သခင်အဖြစ် အုပ်စိုးနေချိန်ဖြစ်သည်။ ဤသို့ရှိစဉ် ပျိုမျစ်သော အင်္ဂလိပ်လူမျိုးတစ်ဦးက ဦးပြည်း(ခေါင်းတုံး)နှင့် သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ရုံလျက် နှိမ့်ချစွာဖြင့် ဗုဒ္ဓ၏တရား ဓမ္မကို ကျင့်ကြံနေထိုင်သည်ကို တွေ့မြင်ရသူတိုင်းပင် ချီးကျူး မဆုံးရှိကြသည်။ ဝမ်းမြောက်မဆုံး ရှိကြသည်။

ထိုစဉ်က အင်္ဂလိပ်လူမျိုးများသည် မြန်မာနိုင်ငံသို့ လာ ရောက်လျက် နယ်ချဲ့စိုးမိုး ချယ်လှယ်နေချိန်တွင် သူကမူ မြန်မာ ပြည်သို့ လာရောက်လျက် ဗုဒ္ဓ၏တရားဓမ္မကို ကျိုးနွံစွာရှာဖွေ၍ သူ့နိုင်ငံသို့ ပြန်လည်သာသနာပြုရန် ကြိုးပမ်းလျက်ရှိသည်။ ထိုအခြင်းအရာကိုမြင်ရသော မြန်မာများအဖို့ အဘယ်မှာလျှင် ဝမ်းမမြောက်ဘဲ နေနိုင်ပါအံ့နည်း။ မကြည်ညိုဘဲ နေနိုင်ပါအံ့ နည်း။

ထို့ကြောင့် အရှင်အာနန္ဒာမေတ္တေယျအား မြန်မာများ သည် အစွမ်းကုန်အားပေး ကူညီကြသည်။ ထိုသို့ ကူညီကြသူ များထဲတွင် ဆရာတော်ကြီးများလည်း ပါသည်။ ရွှေလက်ဝါး ဦးကျော်ရန်၊ ပွဲစားကြီး ဦးကာ၊ ဦးရင်ကလေး၊ ဦးရွှေစံအောင် စသည့် ထင်ရှားသော ပုဂ္ဂိုလ်များလည်း ပါသည်။ မင်းကြီး ကတော်ဒေါ်မြမေ၊ အမှုးပြုသော အမျိုးသမီးများလည်း ပါ သည်။

ဒေါ်မြမေသည် မွန်အမျိုးသမီးဖြစ်သည်။ စစ်ကဲ ဦးထော်လေး ၏ အထွေးဆုံးသမီးဖြစ်သည်။ ရန်ကုန်မြို့ရှိ ယခင် မောင်ထော်လေးလမ်း (ယခု ဗိုလ်ဆွန်ပက်လမ်း)သည် စစ်ကဲ

mgyoe.com

mgyoe.com


ဦးထော်လေး၏အမည်ကို အစွဲပြု၍ မှည့်ခေါ်ထားသော လမ်းဖြစ်သည်။ ဒေါ်မြမေ၏ခင်ပွန်းမှာ ဦးလှအောင် ဖြစ်သည်။ ရခိုင်အမျိုးသား ဖြစ်သည်။ အိန္ဒိယအစိုးရရုံးစိုက်ရာ ကာလကတ္တားမြို့၊ ဘဏ္ဍာရေးဌာနတွင် လက်ထောက်ငွေစာရင်းမင်းကြီးအဖြစ် မြန်မာတိုင်းရင်းသားများထဲမှ ပထမဆုံး ခန့်အပ်ခြင်းခံရသူဖြစ်သည်။ ဒေါ်မြမေကို မစ္စစ်လှအောင် ဟူ၍လည်းကောင်း၊ မစ္စစ်မြမေလှအောင် ဟူ၍လည်းကောင်း၊ မင်းကြီးကတော် ဒေါ်မြမေ ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။

ဒေါ်မြမေသည် မြန်မာတိုင်းရင်းသား အမျိုးသမီးများထဲတွင် အင်္ဂလိပ်စာ ထူးချွန်သူအဖြစ် နာမည်ကြီးသည်။ ဘာသာရေး၊ လူမှုရေး၊ အနုပညာရေးတို့တွင် အထူးစိတ်ဝင်စားသည်။ ထိုစဉ်က မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ စာသင်ကျောင်းဟူ၍ (ဘုန်းတော်ကြီးကျောင်းများမှ လွဲ၍) တစ်ကျောင်းတလေမျှ မရှိခဲ့။ ဒေါ်မြမေလက်ထက်သို့ ရောက်သောအခါတွင် ဗုဒ္ဓဘာသာ အထက်တန်းကျောင်းနှစ်ကျောင်းကို သူကိုယ်တိုင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ထိုနှစ်ကျောင်းတွင် ပထမကျောင်းမှာ ဝိတိုရိယ ဗုဒ္ဓဘာသာ မိန်းကလေးကျောင်း ဖြစ်သည်။ စာသင်သား ၄၀၀ ခန့်ရှိသည်။ ဒုတိယကျောင်းမှာ ဝိတိုရိယ ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်း ဖြစ်သည်။ စာသင်သား ၂၅၀ ခန့်ရှိသည်။

ဒေါ်မြမေသည် အရှင်အာနန္ဒာမေတ္တေယျ၏ ပစ္စည်းလေးပါးဒါယကာ ဖြစ်သည်။ အရှင်အာနန္ဒာမေတ္တေယျ၏ သာသနာ

mgyoe.com

mgyoe.com


ပြုလုပ်ငန်းများကို အစွမ်းကုန် ကူညီအားပေးလေသည်။ ဒေါ်မြမေသည် ၁၈၇၂ ခုတွင် ဖွားမြင်သူဖြစ်ရာ အရှင်အာနန္ဒာမေတ္တေယျနှင့် သက်တူရွယ်တူပင် ဖြစ်ပေသည်။

အရှင်အာနန္ဒာမေတ္တေယျသည် ထိုထိုပုဂ္ဂိုလ်များနှင့်တကွ မြန်မာပြည်သားများ၏ ကူညီအားပေးမှုဖြင့် 'ဗုဒ္ဓသာသနသမာဂမ' ခေါ် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအသင်းကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။ သူ၏ရည်ရွယ်ချက်မှာ ထိုအသင်းကို မြန်မာနိုင်ငံ၌ ရှေးဦးစွာ စတင်တည်ထောင်ပြီး နောင်အခါ အနောက်နိုင်ငံများတွင် တိုးချဲ့တည်ထောင်သွားရန် ဖြစ်ပေသည်။

ထိုအသင်း၏ ပထမဆုံး အစည်းအဝေးကို ၁၉၀၃ ခု၊ မတ်လ ၁၅ ရက်နေ့တွင် စတင်ကျင်းပနိုင်သည်။ အသင်း၏ နာယကမှာ တောင်ခွင်သာသနာပိုင် အရှင်ဝိသုဒ္ဓသီလာစာရ ဖြစ်သည်။ ဥက္ကဋ္ဌမှာ ဆရာတော်ဦးဝိစိတ္တ ဖြစ်သည်။ (နောင်အခါ ဥက္ကဋ္ဌမှာ ဦးရွှေအိုးဖြစ်သည်။) အထွေထွေ အတွင်းရေးမှူးချုပ်မှာ အရှင်အာနန္ဒာမေတ္တေယျဖြစ်၍ ငွေထိန်း ဒေါ်မြမေ၊ အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာ အီး အာရ် ရော့စ်တ်၊ မော်ကွန်းထိန်း ဦးဘလှအောင်၊ စာရင်းစစ် ဝတ်လုံတော်ရ ဦးခင်တို့ဖြစ်ကြသည်။ အခြား အမှုဆောင်လူကြီးများမှာ ဦးဒွေး၊ ဦးပေါ်၊ ဦးမောင်မောင်၊ ဦးစံဝင်း၊ မစ္စတာ အီး အိပ် အယ်လ်ဆက်ပင်း၊ ဦးအယ်အရိန်၊ ဦးဝင်း၊ ဦးဘကွန်း၊ ဒေါက်တာဖိုးလှ၊ ဦးချစ်စု တို့ဖြစ်ကြသည်။ အသင်းကိုယ်စားလှယ်များအဖြစ်

mgyoe.com

mgyoe.com


အမေရိကန်၊ အင်္ဂလန်၊ သီရိလင်္ကာ၊ ဂျာမနီ၊ အီတလီ၊ တရုတ်၊ မြန်မာပြည်တို့မှ ပုဂ္ဂိုလ်များပါဝင်သည်။

ဂုဏ်ထူးဆောင် အသင်းသားများအဖြစ် မဟာဝိသုဒ္ဓာရာမ ဆရာတော်ဘုရားကြီး(မြန်မာပြည်)၊ ဆာအက်ဒွင်အာနိုး (အင်္ဂလန်)၊ ဆရာတော်ဦးအာသဘ(မြန်မာပြည်)၊ ဒေါက်တာ ရိုက်စ်ဒေးဗစ်ဇနီးမောင်နှံ(အင်္ဂလန်)၊ မစ္စတာ အေဂျေအက် ဒမန်း(အမေရိကန်)၊ ဒေါက်တာ ဗွီဖော့စ်အိုး(ဒိန်းမတ်)၊ ဘုန်းတော်ကြီး ဒေါက်တာ ကေဟိုရိ(အမေရိကန်)၊ ဒေါက်တာ ဂိုင်ဆက်ပေဒီလိုရင်ဇို(အီတလီ)၊ ဒေါက်တာ အာသာပန်းဂတ် (ဂျာမနီ)၊ ဆာဂျိန်းဂျော့စကော့(မြန်မာပြည်)၊ ဆရာတော် သီရိသုမင်္ဂလ(သီရိလင်္ကာ)၊ ဒေါက်တာ အိပ်စီဗက်တာလင်း (အမေရိကန်)တို့ ပါဝင်သည်။

အသင်းမှာ ဤမျှအထိ အင်အားတောင့်တင်းသည်။ အင်အားတောင့်တင်းသည်နှင့်အမျှ ရည်ရွယ်ချက်ကလည်း မြင့်မားသည်။ အသင်း၏ရည်ရွယ်ချက်မှာ ဗုဒ္ဓတရားတော်ပြန့်ပွားရေးနှင့် ယင်းဗုဒ္ဓတရားတော်ကို မူလအစ အက္ခရာတင် ရေးထိုးထားသည့် ပါဠိဘာသာနှင့် သက္ကတဘာသာတို့ ထွန်းကားရေးဖြစ်သည်။ အသင်းဝင်အဖြစ် ဗုဒ္ဓဘာသာဝင်များသာမက အသင်းလုပ်ငန်းကို စိတ်ဝင်စားသူ မည်သူမဆို ဝင်ရောက်နိုင်သည်။

အသင်းဝင်ကြေးမှာ ၁၀ သျှီလင်၊ နှစ်ကြေးမှာ တစ်ပေါင်နှင့်ညီမျှသော ငွေကြေးပမာဏ ဖြစ်သည်။

အသင်း၏အဓိကလုပ်ငန်းမှာ ဗုဒ္ဓတရားတော်ဆိုင်ရာ စာ

mgyoe.com

mgyoe.com

စောင်နှင့် စာအုပ်စာတမ်းများ ပြုစုထုတ်ဝေ ဖြန့်ချိရေးပင် ဖြစ်သည်။ အသင်းသားများအား စာစောင်၊ စာအုပ်များကို အခမဲ့ ပေးပို့သည်။ အသင်းဝင်မဟုတ်သူများကိုမူ ကျသင့်ငွေတန်ဖိုးဖြင့် ရောင်းချသည်။ အသင်းတည်ရာ ဌာနချုပ်မှာ အမှတ် ၁၊ ဘုရားလမ်း၊ ရန်ကုန်မြို့ ဖြစ်သည်။

အသင်းက 'ဗုဒ္ဓဝါဒ' အမည်ရှိ စာစောင်ကို အင်္ဂလိပ် ဘာသာဖြင့် လေးလတစ်ကြိမ် ထုတ်ဝေသည်။ စာစောင် အယ်ဒီတာအဖြစ် အရှင်အာနန္ဒာမေတ္တေယျကပင် တာဝန်ယူ ဆောင်ရွက်သည်။ စာစောင်မှာ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အဖိုးတန်ဆောင်းပါးများ၊ ဓာတ်ပုံများ ပါရှိသည်။ အသင်း၏လုပ်ငန်း စဉ်နှင့် အခြားနိုင်ငံများရှိ ဗုဒ္ဓဘာသာဆိုင်ရာ အသင်းများ၏ လုပ်ငန်းစဉ်သတင်းများကို အားပေးဖော်ပြသည်။ စာအုပ်ဝေဖန်ခန်းလည်း ပါရှိသည်။ စာစောင်တစ်ခုလုံးကို အရှင် အာနန္ဒာမေတ္တေယျကပင် ဒိုင်ခံတာဝန်ယူ ဆောင်ရွက်သည်။ အယ်ဒီတာအဖြစ် ခေါင်းကြီးဆောင်းပါးလည်း ရေးသည်။ ဗုဒ္ဓတရားတော် ဆိုင်ရာ အခြားဆောင်းပါးများလည်း ရေးသည်။ တစ်ခါတစ်ရံ ကဗျာပင် ဖွဲ့ဆိုသည်။ စာစောင်တစ်ခုတည်းမှာပင် သူ၏စာမူ သုံးလေးပုဒ် ပါဝင်သည်အထိ မနားမနေ ရေးသား သည်။

ပထမစာစောင်ကို ၁၉၀၃ ခု၊ စက်တင်ဘာလ၌ ထုတ်ဝေ သည်။ ထိုပထမစာစောင်၌ ကဗျာဆရာကြီး ဆာအက်ဒွင်အာနိုး အထူးရေးသားပေးသော 'ရွှေစေတီ' (The Golden Temple)
mgyoe.com

mgyoe.com


အမည်ရှိ ကဗျာပါရှိသည်။ ရွှေတိဂုံစေတီတော်အကြောင်း ဖွဲ့ဆို ထားသော ကဗျာဖြစ်သည်။ အာနိုးသည် ၁၉၀၄ ခု၊ မတ်လတွင် ကွယ်လွန်ရာ ထိုကဗျာသည် သူ၏နောက်ဆုံးလက်ရာ ကဗျာ ဖြစ်သည်ဟု ဆိုကြသည်။

အရှင်အာနန္ဒာမေတ္တေယျသည် အသင်းလုပ်ငန်းကို မနား မနေ ဆောင်ရွက်သည်နှင့်အမျှ စာစောင်ထုတ်ဝေရေး လုပ်ငန်း ကိုလည်း အပြင်းအထန် ကြိုးပမ်းလုပ်ကိုင်သည်။ ထိုအခါ မူလ က ချည့်နဲ့ယိုင်ယဲ့နေသော သူ၏ကျန်းမာရေး အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ သို့ရာတွင် သူကားမမှု၊ ဆက်လက်ကြိုး ပမ်းမြဲ ကြိုးပမ်းသည်။ သူ၏ကြိုးပမ်းမှုမှာ အောင်မြင်သဖြင့် သူသည်များစွာ အားတက်လျက်ရှိသည်။

သူ၏စာစောင်သည် လေးလတစ်ကြိမ် မှန်မှန်ထုတ်ဝေ နိုင်သည်။ အထူးလည်းအောင်မြင်သည်။ စာစောင်တန်ဖိုးမှာ နှစ်ကျပ်ဖြစ်သည်။ အပြည်ပြည်၊ အမြို့မြို့ရှိ စိတ်ဝင်စားသူများ ကလည်း မှာယူကြည့်ရှုကြသည်။ အသင်းဝင်များထံသို့လည်း အခမဲ့ပေးပို့သည်။ ထို့ပြင် ဥရောပနှင့် အမေရိကရှိ စာကြည့်တိုက် ပေါင်း ၆၀၀ ကျော်သို့လည်း စာစောင်များကို အခမဲ့ ပေးပို့လှူ ဒါန်းသည်။ ယင်းသို့ လှူဒါန်းရာ၌ စာစောင်ကို အများသူငါ အလွယ်တကူ ဖတ်ရှုနိုင်မည့်နေရာ၌ ထားရန်လည်းကောင်း၊ စာစောင်သစ်မပေါ်ထွက်မီ စာစောင်ဟောင်းကို မသိမ်းဆည်းရန် လည်းကောင်း မေတ္တာရပ်ခံ၍ ပေးပို့သည်။

ထိုစာစောင်၏ကျေးဇူးကြောင့် ဗုဒ္ဓဘာသာကို စိတ်ဝင်စား

mgyoe.com

သူများ၊ လေ့လာသူများ၊ သက်ဝင်ယုံကြည်လာသူများ အများ အပြား ပေါ်ထွက်လာခဲ့သည်။ အင်္ဂလန်ပြည်၌ နေထိုင်သည့် ဂျေ အက်ဖ် မက္ကယ်နီအမည်ရှိ အင်္ဂလိပ်အမျိုးသား ပုဂ္ဂိုလ်တစ်ဦး သည် ထိုစာစောင်ကိုအကြောင်းပြု၍ ဗုဒ္ဓတရားတော်ကို လေးစား မြတ်နိုးလာခဲ့သည်။ မက္ကယ်နီသည် ရန်ကုန်မြို့သို့ ထွက်ခွာ လာကာ အရှင်အာနန္ဒာမေတ္တေယျ၏ လုပ်ငန်းများကို ဝင်ရောက် ကူညီခဲ့သည်။ နောင်အခါ 'ဦးသီလာစာရ' ဘွဲ့အမည်ဖြင့် ဗုဒ္ဓ သားတော်ရဟန်းအဖြစ် ခံယူခဲ့သည်။ ဗုဒ္ဓသာသနာ ပြန့်ပွားရေး ကို ရှပ်ရှပ်ခွံခွံ ဆောင်ရွက်ခဲ့သည်။ သူသည် ဗုဒ္ဓဘာသာဝင် ဂျာမန်ပညာရှင် ပေါလ်ဒေါ်လကေး၏ ကျမ်းများကို အင်္ဂလိပ် ဘာသာသို့လည်း ပြန်ဆိုခဲ့သည်။ သူကိုယ်တိုင်လည်း ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းများပြုစုခဲ့သည်။ သူသည် အင်္ဂလန်ပြည် ၌ ၁၉၅၁ ခုတွင် ပျံလွန်တော်မူခဲ့သည်။

အရှင်အာနန္ဒာမေတ္တေယျသည် အသင်းလုပ်ငန်း၊ စာစောင်လုပ်ငန်းများကို မနားမနေ လုပ်ဆောင်စဉ် တစ်ဖက်က လည်း ရဟန်းအလုပ်ကို ကောင်းစွာကျင့်ကြံအားထုတ်သည်။ သူသည် ပရိယတ္တိဖြစ်သော ဗုဒ္ဓစာပေ ပိဋကတ်ကျမ်းများကို လည်း ကျနစွာ လေ့လာဆည်းပူးသည်။ ပဋိပတ္တိဖြစ်သော ကမ္မဋ္ဌာန်းတရားကိုလည်း ကျနစွာ ကျင့်ကြံအားထုတ်သည်။ ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့် ဗုဒ္ဓတရားဆိုင်ရာ စာတမ်းများရေး သားခြင်း၊ ဖတ်ကြားဟောပြောခြင်း စသည်တို့ကိုလည်း မနား မနေ ပြုလေသည်။

mgyoe.com

mgyoe.com


သူသည် သိပ္ပံပညာရှင်တစ်ဦး ဖြစ်သည်နှင့်အညီ ဗုဒ္ဓတရားတော်ကို သိပ္ပံပညာဖြင့် နှိုင်းယှဉ်လေ့လာသည်။ သူ၏ လေ့လာချက်တို့ကိုလည်း စာတမ်းများတွင် ဖော်ပြလေ့ရှိသည်။ "လက္ခဏာရေးသုံးပါး" အမည်ရှိ သူ၏စာတမ်းမှာ သိပ္ပံပညာဖြင့် နှိုင်းယှဉ်လေ့လာမှုများ အထူးပါဝင်သည်။ ထိုစာတမ်းတွင် သူက "ပဋိစ္စသမုပ္ပါဒ်၊ လက္ခဏာရေးသုံးပါး စသည့်တရားများဖြင့် အခြေခံထားသော ဗုဒ္ဓတရားတော်သည်သာလျှင် သိပ္ပံနည်းဖြင့် အစစ်ဆေးခံနိုင်သည်။ မှတ်ကျောက်တင် ခံနိုင်သည်။ ယခုလည်း မည်သူမျှ ငြင်းဆို၍မရ။ နောင်လည်း မည်သူမျှ ငြင်းဆိုနိုင်မည် မဟုတ်။ ခေတ်သစ်သိပ္ပံပညာဖြင့် တိုးတက်ထွန်းကားလာမည့် နောင်လာနောက်သားများ၏ ဘဝနှင့် ဟပ်မိနိုင်မည့် ဘာသာမှာ ဗုဒ္ဓဘာသာ သာလျှင်ဖြစ်သည်။ ဗုဒ္ဓတရားတော်သည် လူသားများကို ဦးဆောင်လမ်းပြနိုင်သည်သာမက လူသားများ၏ လက်တွေ့ဘဝတွင်လည်း အံဝင်ခွင်ကျအောင် အသုံးချနိုင်သော တရားတော်ဖြစ်သည်" ဟူ၍ ဖော်ပြထားပေသည်။

သူသည် ဗုဒ္ဓတရားတော် လက်တွေ့ကျပုံ၊ မှန်ကန်ပုံတို့ကို သိပ္ပံပညာဖြင့် ဤသို့နှိုင်းယှဉ် ဟောပြောခဲ့သည်သာမက ဓာတ်ခွဲ၍ လက်တွေ့ပြသရန်လည်း ကြိုးပမ်းခဲ့သည်။ သူသည် ရန်ကုန်မြို့ရှိ ဦးပြားတောရဌ် သီတင်းသုံးနေထိုင်စဉ် ကျောင်းတိုက်တွင်း၌ ဓာတ်ခွဲခန်းဖွင့်လှစ်ထားသည်။ အဘိဓမ္မာ၌ ပါရှိသော 'ဝီထိ' ကျပုံကို ဓာတ်ပုံရိုက်ကူး တင်ပြနိုင်ရန် ငွေကြေးများစွာ အကုန်အကျခံကာ ကြံစည်ကြိုးပမ်းသည်။ သူ၏အကြံ

mgyoe.com

mgyoe.com


အစည်မှာ အဘိဓမ္မာ၌ပါရှိသည့် 'ဝီထိ' ကျပုံကို အောင်မြင်စွာ ဓာတ်ပုံရိုက်ကူး တင်ပြနိုင်လျှင် ဗုဒ္ဓဟောကြားတော်မူသော အဘိဓမ္မာတရားတော် အဘယ်မျှ တိကျမှန်ကန်ကြောင်း ဥရောပ တိုက်သားများ နားလည်အောင် ဓာတ်ပုံနှင့် ယှဉ်တွဲရှင်းလင်း ဟောကြားရန်ပင် ဖြစ်သည်။

ဤသို့ ကြိုးပမ်းနေစဉ် သူ့ထံ စာရေးဆရာကြီး ပီမိုးနင်း သည် ရောက်ရှိသွားခဲ့သည်။ ထိုစဉ်က ဆရာကြီးသည် ပီမိုးနင်း ဘဝသို့ မရောက်လာသေး။ ပြည်မြို့ဆေးရုံကြီး၌ စာရေးကြီး ဝင်လုပ်နေရာမှ လယ်တီဆရာတော်ဘုရားကြီး ပြည်မြို့သို့လာ ခိုက်နှင့် ဆုံလေရာ အလုပ်မှထွက်လိုက်သည်။ ဆရာတော့်ထံ မှောက်တွင် ပဥ္စင်းခံသည်။ ထို့နောက် ရဟန်းဘဝဖြင့် ရန်ကုန် မြို့သို့ ထွက်လာစဉ် အရှင်အာနန္ဒာမေတ္တေယျနှင့် ဆက်သွယ်မိ ကာ အတူနေထိုင်ခဲ့လေသည်။ ဆရာကြီးပီမိုးနင်းသည် ၁၈၈၃ ခုတွင် ဖွားမြင်သည်ဖြစ်ရာ အရှင်အာနန္ဒာမေတ္တေယျအောက် ၁၁ နှစ်မျှ ငယ်လေသည်။ ဆရာကြီးပီမိုးနင်းသည် အရှင်အာနန္ဒာ မေတ္တေယျထံတွင် တပည့်ခံနေထိုင်ခဲ့ရာမှ ဓာတ်ခွဲပညာကို အတော်အတန် တတ်မြောက်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုအကြောင်းကို ဆရာကြီးပီမိုးနင်းက "ပီမိုးနင်း၏ ပီမိုးနင်း" စာအုပ်၌ အောက်ပါအတိုင်း စိတ်ဝင်စားဖွယ် မှတ်တမ်း တင် ရေးသားထားပေသည်။

"......ရန်ကုန်မြို့တွင် ကျောင်းတိုက်ပေါင်းများစွာ ရှိသော် ငြားလည်း ကျွန်ုပ်နေဖို့ရန်ကား ရှားပါးလှဘိ၏။ သို့ကြောင့်ပင်

mgyoe.com

mgyoe.com


လည်း ကျွန်ုပ်ကား ရန်ကုန်မြို့ထဲတွင် တလည်လည် နေရတော့၏။ အကြောင်းမူကား ကျွန်ုပ်သည် ဦးပဉ္ဇင်းဖြစ်သော်လည်း ပါတိမောက်ကို မကျက်ခဲ့ရသဖြင့် ကျောင်းတိုက်များက ကျွန်ုပ်အား လက်မခံကြ။ သို့သော် နောက်ဆုံးတွင် ညောင်တုန်းကျောင်းတိုက်၌ နေခွင့်ရ၍ နေခဲ့ရ၏။ ၃ ရက်မျှမကြာ၊ ၎င်းကျောင်းတိုက် တိုက်အုပ်ဘုန်းကြီးက နှင်ချသဖြင့် တစ်ဖန် ထွက်ပြေးရပြန်လေ၏။

သို့ တဝဲလည်လည် နေခဲ့စဉ် ဦးပြားတောရကျောင်းတိုက်သို့ ရောက်သွားပြန်လေသည်။ ထိုဘုန်းတော်ကြီးကား မြန်မာစကားကို ကောင်းစွာမတတ်ရကား ၎င်းနှင့် စကားစမြည်ပြောရန် အဖော်မရှိပေ။ ကျွန်ုပ်နှင့်တွေ့၍ အင်္ဂလိပ်စကား ကောင်းစွာပြောနိုင်သည်ကို တွေ့ရှိရသည့်အခါ အရှင်အာနန္ဒာမေတ္တေယျက ကျွန်ုပ်အား သူ၏ကျောင်းတိုက်၌ပင် အတူနေထိုင်ရန် ပြောဆိုခွင့်ပေးလေသည်။ ၎င်းဘုန်းတော်ကြီးသည် မူလက ဓာတ်ခွဲဆရာကြီးတစ်ဦး ဖြစ်ဖူးသည့်အလျောက် ကျောင်းအောက်တွင် ဓာတ်ကိရိယာရုံကြီး ဖွင့်ထားလျက် အဘိဓမ္မာ၌ပါရှိသော ဝိထိကျပုံကို ဓာတ်ပုံရိုက်ရန် ငွေပေါင်းထောင်သောင်းမက အကုန်အကျခံကာ ကြံစည်လုံ့လထုတ်လျက် နေလေသည်။ ထိုဘုန်းတော်ကြီးပင် ကျွန်ုပ်အား ဓာတ်ခွဲနည်းပညာတို့ကို ကောင်းစွာလက်ပူးလက်ကြပ် သင်ပြပေးလေသည်။

၎င်းဘုန်းတော်ကြီးကား "ဗုဒ္ဓသမာဂမ" ခေါ် နိုင်ငံခြားဗုဒ္ဓဘာသာအသင်းကြီး၏ ဥက္ကဋ္ဌပင် ဖြစ်လေသည်။ ၎င်းကိုယ်

mgyoe.com

mgyoe.com

တိုင်ကြီးကြပ်၍ 'ဗုဒ္ဓသမာဂမ' မဂ္ဂဇင်းကြီးကို အင်္ဂလိပ်လို ထုတ်ဝေကာ ဥရောပတိုက်၊ အမေရိကတိုက်တို့သို့ ရောက်အောင် ပို့သကာ သာသနာပြုခဲ့လေသည်။ ဥရောပ၊ အမေရိကတိုက်သို့ ပေါက်ရောက်အောင်သွားသော ဗုဒ္ဓဘာသာ မဂ္ဂဇင်းကား ဤဗုဒ္ဓသမာဂမ မဂ္ဂဇင်းကြီးတစ်ခုသာ ရှိလေသည်။ ကျွန်ုပ်မှာကား ၎င်းကိုယ်တော်၏ စက္ကရီတေရီအဖြစ်ဖြင့် ကူညီခဲ့ရလေသည်။

၎င်းဘုန်းတော်ကြီးကို ကိုးကွယ်သော ပုဂ္ဂိုလ်များသည်ကား မင်းကြီးကတော် ဒေါ်မြမေ၊ ဒေါက်တာ ရှော့စ်၊ မစ္စတာ မက္ကနီ၊ ဦးသော်၊ ဦးရွှေဇံအောင် စသည့် လူကြီးလူကောင်းများ ဖြစ်လေသည်။

ကျွန်ုပ်မှာ ၎င်းကိုယ်တော်နှင့်နေစဉ် နယ်ကိုလှည့်လည်၍လည်း တရားဟောခဲ့ရဖူးလေသည်။

ထိုကဲ့သို့နေစဉ် ကြည့်မြင်တိုင်တစ်ဖက် ကျောင်းဝိုင်းရွာမှ သဒ္ဒါကျမ်းဂန်များကို တစ်ဖက်ကမ်းခပ် တတ်မြောက်သော ဘုန်းတော်ကြီးတစ်ပါးသည် ကျွန်ုပ်တို့နေထိုင်သော ကျောင်းတိုက်သို့ ရောက်လာ၍ သူ့အား အင်္ဂလိပ်စာသင်ပေးပါ၊ သူကလည်း ကျွန်ုပ်အား မြန်မာသဒ္ဒါကို အမြန်ဆုံးတတ်အောင် သင်ပေးပါမည်ဟု မိန့်ဆိုလာလေသည်။ ထိုအခိုက်တွင် ကျွန်ုပ်စိတ်ဝယ် မြန်မာသဒ္ဒါကို တတ်လိုလှသည်မှတစ်ပါး အခြားဘာမျှ မရှိပေ။ ထို့ကြောင့်ပင် အာနန္ဒာမေတ္တေယျအား နှုတ်ဆက်စာ တစ်စောင်ရေးခဲ့ကာ သူ၏အခန်းတွင်းဝယ်ထားခဲ့ပြီးနောက် ထိုလာရောက်ခေါ်ငင်သော ဘုန်းတော်ကြီးနှင့်တပါတည်း

mgyoe.com

mgyoe.com


ဂျောင်ဝိုင်းသို့ လိုက်ပါသွားတော့လေသည်။ ဤနည်းဖြင့် ဆရာကောင်းတစ်ဦးနှင့် ကွဲကွာခဲ့ရပြန်လေသတည်း။

ဂျောင်ဝိုင်းကျောင်းတိုက်သို့ ရောက်ပြီး မကြာမီပင် ကျွန်ုပ်အား ခေါ်ဆောင်ခဲ့သော ဘုန်းတော်ကြီးသည် ဒါယိကာမတစ်ဦးနှင့် ထွက်ပြေးလေသည်။ ကျွန်ုပ်မှာ ဘာမျှ မတတ်ပါဘဲလျက် ကျောင်းကြီးတွင် တစ်ကိုယ်တည်း ကျောင်းထိုင်ပမာ နေရလေရာ များစွာ အကျပ်တွေ့နေလေသည်။ ကျွန်ုပ်ကား တစ်ကိုယ်တည်း ဦးစီးအဖြစ် ကျောင်းမထိုင်ရဲပေ။ သို့ကြောင့်ပင် နှစ်ရက်သုံးရက်ကြာသောအခါ မြစ်တစ်ဖက်ရှိ တဲငယ်ကလေးတစ်ခုနှင့်နေသော ဘုန်းကြီးတစ်ပါးထံသွား၍ သိက္ခာချကာ သင်္ကန်းချွတ်ခဲ့လေသည်။ အဝတ်အစားကား ဗလာနတ္ထိဖြစ်နေ၍ ကျောင်းမှ နံငယ်ပိုင်းအစုတ်ကလေးတစ်ခုကို ဝတ်လျက် လယ်ပြင်၌ ကဏန်းချိတ်သမားဟန်ဆောင်ကာ ပြန်ခဲ့ရလေသတည်း။”

အရှင်အာနန္ဒာမေတ္တေယျသည် နိုင်ငံခြား၌ ဗုဒ္ဓဘာသာ ပြန့်ပွားရေးကို အထူးအာရုံပြု ဆောင်ရွက်သည်ဖြစ်ရာ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အမှူးပြုသော ရဟန်းတော်များ၏ ချီးကျူးအားပေးခြင်းကိုလည်း ခံရပေသည်။ “နာနာရဋ္ဌ နိယျာနိက ဗုဒ္ဓ သာသနာဘိဝဍ္ဎက အာနန္ဒာမေတ္တေယျ မဟာဇနဂုရု” ဘွဲ့အမည် ပေးအပ်ချီးမြှောက်ခြင်းပင် ခံရသည်။

ဤကိစ္စနှင့်ပတ်သက်၍ စံကင်းဆရာတော်ထေရုပ္ပတ္တိတွင် ကျမ်းပြုသူ ဦးမာနိတသိရီနှင့် ဦးနန္ဒမာလာဘိဝံသတို့က “အင်္ဂလိပ်ရဟန်းတော် အရှင်အာနန္ဒာမေတ္တေယျကိုလည်း

mgyoe.com

mgyoe.com


အတိုင်းတိုင်း အပြည်ပြည်၌ နိယျာနိက ဗုဒ္ဓ သာသနာ ပြန့်ပွား အောင် 'ဗုဒ္ဓသာသန သမာဂမ' အသင်းကြီး တည်ထောင်ကြိုး ပမ်းခြင်းကြောင့် 'နာနာရဋ္ဌ နိယျာနိက ဗုဒ္ဓသာသနာ ဘိဝဍ္ဎက အာနန္ဒာမေတ္တေယျ မဟာဇနဂုရု' ဟု ဘွဲ့အမည် ပေးအပ်ချီး မြှောက်တော်မူသည်။ ထိုဘွဲ့ထူးပေးအပ်ချီးမြှောက်ရန် စံကင်း ဆရာတော်ကလေး အကြံပေးလျှောက်ထားသဖြင့် မဟာဝိသုဒ္ဓါ ရုံဆရာတော်ဘုရားကြီးက သဘောတူ ဆောင်ရွက်တော်မူခြင်း ဖြစ်ပေသည်" ဟူ၍ ရေးသားဖော်ပြထားပေသည်။

အရှင်အာနန္ဒာမေတ္တေယျကို မြန်မာပြည်သား ဗုဒ္ဓဘာသာ ဝင်များက ကြည်ညိုလေးစားကြသည့်နည်းတူ သီရိလင်္ကာနိုင်ငံ သား ဗုဒ္ဓဘာသာဝင်များကလည်း ကြည်ညိုလေးစားကြသည်။ သီရိလင်္ကာမှ ထွက်ခွာ၍ မြန်မာပြည်၌ သူ သီတင်းသုံးနေထိုင် သော်လည်း သီရိလင်္ကာသား သူ့မိတ်ဆွေများသည် သူ့ကို မမေ့ ကြ။ တသသ ဖြစ်နေကြသည်။ ထို့ကြောင့် ကိုလံဘိုမြို့ရှိ အဆောက်အအုံ စည်းဝေးခန်းမတစ်ခုကို သူ့အား ဂုဏ်ပြုသည့် အထိမ်းအမှတ် တစ်ခုအနေဖြင့် 'မေတ္တေယျခန်းမ' ဟူ၍ မှည့် ခေါ်ထားကြလေသည်။

သူကလည်း သီရိလင်္ကာနိုင်ငံသားများ၏ မေတ္တာကို တုံ့ ပြန်သည့်အနေဖြင့် သီရိလင်္ကာသို့ ခေတ္တကြွရောက်ခဲ့သည်။ ထို 'မေတ္တေယျ' ခန်းမ၌ သူလေ့လာသိမြင်ထားသော ဗုဒ္ဓတရားတော် များကို ဖြန့်ဝေဟောကြား ပေးခဲ့လေသည်။

အရှင်အာနန္ဒာမေတ္တေယျသည် 'ဗုဒ္ဓသာသန သမာဂမ'

mgyoe.com

mgyoe.com

အသင်း၏ နိုင်ငံခြား သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ၁၉၀၈ ခု၊ ဧပြီလတွင် အင်္ဂလန်နိုင်ငံသို့ ကြွရောက်သည်။ အသင်း၏ ငွေထိန်းဖြစ်သော ဒေါ်မြမေနှင့်သား၊ ချွေးမများလည်း အတူလိုက်ပါသွားကြသည်။ အသွားအပြန် ခရီးစရိတ်ကို ဒေါ်မြမေက ကျခံလှူဒါန်းသည်။

ဤသို့ နိုင်ငံခြား ဗုဒ္ဓသာသနာပြုလုပ်ငန်းကို မြန်မာနိုင်ငံက ပြန်လည်ဆောင်ရွက်သည်နှင့် ပတ်သက်၍ အရှင်အာနန္ဒာမေတ္တေယျက "မြန်မာတို့သည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်မှစ၍ နိုင်ငံခြားသို့ ဗုဒ္ဓသာသနာပြုအဖွဲ့များ စေလွှတ်ခဲ့ရာမှ သူ့ကျွန်ဘဝသို့အရောက်တွင် မေးမှိန် ကွယ်ပျောက်ခဲ့ရသည်။ သို့ရာတွင် ၁၉၀၈ ခု၌ ထိုလုပ်ငန်းကို ပြန်လည် အသက်သွင်းနိုင်ခဲ့သည်။ ယခု သာသနာပြုအဖွဲ့တွင် ရဟန်းတစ်ပါးနှင့် လူဝတ်ကြောင် အနည်းငယ်သာပါသောကြောင့် အင်အားကားမတောင့်တင်းလှပေ။ သို့ရာတွင် သူတို့သည် များစွာ စိတ်အားထက်သန်၍ ကြီးစွာသော လုံ့လဝီရိယ ထားကြသည်မှာ ဝမ်းမြောက်ဖွယ်ရာဖြစ်ပေသည်" ဟူ၍ သူ၏စာတမ်းတစ်စောင်တွင် မှတ်တမ်းတင် ရေးသားဖော်ပြထားပေသည်။

ဤသို့ သာသနာပြုလုပ်ငန်းအတွက် အင်္ဂလန်သို့ ကြွရာတွင် အင်္ဂလန်နိုင်ငံသည် သူ့ဇာတိ၊ သူ့နိုင်ငံဖြစ်သော်လည်း အရှင်အာနန္ဒာမေတ္တေယျအဖို့ နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေးတို့မှာ အဆင်မပြေ ဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာ ရဟန်းတော်ပီသစွာဖြင့် ဝိနည်းနှင့်အညီ

mgyoe.com

mgyoe.com

ကျင့်ကြံနေထိုင်သောကြောင့် ဖြစ်ပေသည်။

ရှေးဦးစွာ လန်ဒန်၌ သူ့အတွက် ဝိနည်းနှင့်အညီ သီတင်းသုံးနေထိုင်နိုင်ရန် အိမ်တစ်လုံး သီးသန့်ရှာဖွေရသည်။ ဤသို့နေထိုင်ရာ၌ မည်သည့် ဒါယိကာမကိုမျှ တစ်မိုးတစ်ရံအောက်တွင် အိပ်စက်တည်းခိုခွင့် မပြုပေ။ ဤအချက်သည် အင်္ဂလန်နိုင်ငံသားများအဖို့ အလွန်ထူးဆန်းနေပေသည်။ ထို့ပြင် လန်ဒန်မြို့သူမြို့သားများသည် တစ်တောင်ထက်မြင့်သော ခုတင်အိပ်ရာ စသည်တို့တွင် အိပ်စက်လေ့ရှိသော်လည်း သူကား ထိုသို့မပြု၊ ကြမ်းပေါ်သို့ဆင်း၍ ကျိန်းစက်သည်။ ဤအချက်မှာလည်းသူတို့နိုင်ငံသားများအဖို့ အထူးအဆန်း ဖြစ်နေကြပြန်သည်။ ထိုခေတ်ထိုအချိန်က လန်ဒန်တွင် မော်တော်ကားများ ခေတ်မစားသေး။ သွားလာရာတွင် မြင်းရထားများကိုသာ အသုံးပြုရသည်။ ထိုအခါ ဗုဒ္ဓသားတော် အရှင်အာနန္ဒာမေတ္တေယျသည် ဝိနည်းနှင့်မညီသော မြင်းရထားကို ဖဲကြဉ်လျက် ပင်ပန်းကြီးစွာဖြင့် ခြေကျင်ခရီးသာ သွားလာခဲ့သည်။ ထို့ပြင် ငွေကိုင်ခွင့်မရသဖြင့် သွားလေရာရာတွင် ကပ္ပိယတစ်ဦးကို အမြဲခေါ်ဆောင်သွားနေရပေသည်။

အင်္ဂလန်နိုင်ငံသားများအဖို့ သူ၏အပြုအမူ အားလုံးမှာအထူးအဆန်း ဖြစ်နေသည်။ ထို့ပြင် အသွင်အပြင်မှာလည်းအထူးအဆန်း ဖြစ်နေသည်။ စင်စစ် အင်္ဂလိပ်လူမျိုးများထဲမှဗုဒ္ဓဘာသာရဟန်းဘဝသို့ ကူးပြောင်းသူတို့ထဲတွင် အရှင်အာနန္ဒာမေတ္တေယျသည် ပထမဆုံးကား မဟုတ်ပေ။ ဒုတိယသာ ဖြစ်ပေ

mgyoe.com

mgyoe.com

သည်။ ပထမမှာ 'မစ္စတာဂေါဒန်ဒူးဂလက်' အမည်ရှိ အင်္ဂလိပ် အမျိုးသား ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ၁၈၉၉ ခုတွင် ကိုလံဘို မြို့၊ ဇယဆေကရာမ ကျောင်းတိုက်၌ 'အသောက' ဘွဲ့အမည်ဖြင့် ရဟန်းပြုခဲ့သည်။ ထို့နောက် မြန်မာပြည်တွင် ကြွရောက်နေထိုင်ပြီး ၁၉၀၅ ခု၌ စစ်တွေမြို့တွင် ပျံလွန်တော်မူခဲ့သည်။ သို့ရာတွင် ဘိက္ခုအသောကသည် အင်္ဂလန်သို့ ပြန်လည်ကြွရောက်ခြင်း မရှိသဖြင့် အင်္ဂလန်ပြည်သားများသည် သူ့ကို ရဟန်းဝတ်ဖြင့် မဖူးတွေ့လိုက်ရပေ။ ယခု အရှင်အာနန္ဒာမေတ္တေယျ ကြွရောက်လာသောအခါတွင်မှ အင်္ဂလိပ်လူမျိုး၊ ဗုဒ္ဓသားတော်ရဟန်းကို ပထမဆုံးအကြိမ် ဖူးတွေ့ရခြင်း ဖြစ်ပေသည်။

ဗုဒ္ဓတရားတော်နှင့် ပတ်သက်သည့် ဟောကြားချက်များကိုမူ လန်ဒန်မြို့သူ မြို့သားများသည် အရှင်အာနန္ဒာမေတ္တေယျ ကြွရောက်မလာမီ လွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ နာကြားခဲ့ရသည်။ ၁၉၀၅ ခုတွင် မစ္စတာ အာ ဂျေ ဂျက်ကဆန် အမည်ရှိ အင်္ဂလိပ်လူမျိုးတစ်ဦးသည် လန်ဒန်မြို့၊ ရီဂျင့်ပန်းခြံ၌ ဗုဒ္ဓတရားတော်ကို စတင်ဟောပြောခဲ့သည်။ ထင်းရှူးသေတ္တာကို တရားစင်လုပ်လျက် မိမိနှစ်သက်ရာ ဟောပြောရခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဂျေ အာ ပိန်း အမည်ရှိ အင်္ဂလိပ်လူမျိုးတစ်ဦးနှင့် ပူးတွဲလျက် စာအုပ်ဆိုင်တစ်ဆိုင်ဖွင့်ကာ ဗုဒ္ဓစာပေဆိုင်ရာ စာအုပ်စာတမ်းများကို ရောင်းချခြင်းလည်း ပြုသည်။ ဂျေ အာ ပိန်းမှာ မြန်မာပြည်တွင် စစ်မှုထမ်းခဲ့သော စစ်မှုထမ်းဟောင်းတစ်ဦးလည်း ဖြစ်သည်။ သူတို့နှစ်ဦးသည် ၁၉၀၆ ခုတွင် အင်္ဂလန်ပြည်၊

mgyoe.com

mgyoe.com


ဗုဒ္ဓဘာသာအသင်းကို စတင်တည်ထောင်ခဲ့ကြသည်။ မကြာမီပင် သူတို့သည် မြန်မာပြည်ရှိ အရှင်အာနန္ဒာမေတ္တေယျနှင့် ဆက်သွယ်မိကြလေသည်။

အရှင်အာနန္ဒာမေတ္တေယျသည် သူတို့၏အကူအညီဖြင့် အင်္ဂလန်ပြည်တွင် ဗုဒ္ဓဘာသာ ပြန့်ပွားရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သည်။ မစ္စတာ ဂျက်ကဆန်တို့ တည်ထောင်ထားသည့် ဗုဒ္ဓဘာသာအသင်းကို အိုင်ယာလန်အထိ တိုးချဲ့ခဲ့သည်။ အထူးသဖြင့် အရှင်အာနန္ဒာမေတ္တေယျသည် ဗုဒ္ဓတရားတော်ကို ကျယ်ပြန့်စွာ လှည့်လည် ဟောပြောခဲ့သည်။

အင်္ဂလန် ပြည်သူပြည်သားများအနေဖြင့် မစ္စတာ ဂျက်ကဆန်တို့ ဟောပြောသော ဗုဒ္ဓတရားတော်ကို နာကြားခဲ့ဖူးပြီဖြစ်သော်လည်း ဗုဒ္ဓဘာသာ ရဟန်းတော်ကိုယ်တိုင် ကျနစွာ ဟောကြားသော တရားကိုကား ယခုမှသာ နာကြားဖူးခြင်း ဖြစ်ပေသည်။ အရှင်အာနန္ဒာမေတ္တေယျသည် သိပ္ပံဆရာလည်း ဖြစ်သည်။ အနောက်တိုင်းသားလည်း ဖြစ်သည်။ ထို့ကြောင့် အနောက်တိုင်းသားများ နားလည်သဘောပေါက်အောင် ဟောကြားနိုင်ခဲ့သည်။ ရှင်းပြနိုင်ခဲ့သည်။ စာတမ်းများကို ဖတ်ကြားဟောပြောရာ၌ သူသည် အနည်းငယ် စကားပြေပြစ်ခြင်း မရှိသဖြင့် သင့်ရုံမျှပင်ဖြစ်သည်။ သို့ရာတွင် ပရိသတ်များ၏ မေးမြန်းချက်များကို ပြန်လည် ဖြေရှင်းပြရာ၌ကား လက်ဖျားခါလောက်အောင်ပင် ကောင်းမွန်လှသည်။ ထိမိလှသည်။ ပိုင်နိုင်လှသည်။

mgyoe.com

mgyoe.com


ထိုအချိန်က အရှင်အာနန္ဒာမေတ္တေယျသည် သက်တော် ၃၆ နှစ်မျှသာ ရှိသေးသည်။ ရုပ်ရည်ကလည်း ထူးခြား၊ အသွင်အပြင်ကလည်း ထူးခြား၊ အမူအကျင့်ကလည်း ထူးခြား၊ တရားကလည်း ထူးခြားနှင့် သူ့ကို မြင်တွေ့ရသူတိုင်း စိတ်ဝင်စားကြသည်။ သူ့တရားကို ကြားနာရသူတိုင်း နှစ်သက်ကြသည်။

အင်္ဂလန်ပြည်၌ သူ၏ဆောင်ရွက်မှုမှာ မျှော်လင့်သည်ထက် ပိုမိုအောင်မြင်နေသည်။ သို့ရာတွင် အဆီးအတားကြီး တစ်ခုကား ပေါ်လာပြီ။ ယင်းကား ငယ်ရွယ်စဉ်အချိန်မှစ၍ ဒုက္ခပေးလာခဲ့သော ပန်းနာရောဂါ ဖြစ်သည်။ ရာသီဥတုကလည်း မကောင်း၊ လူကလည်း ပင်ပန်းနှင့်။ သူ့ခမျာ ပန်းနာရောဂါ၏ ဖိစီးနှိပ်စက်ခြင်းဒဏ်ကို အလူးအလဲ ခံရတော့သည်။ စိတ်ဓာတ်ပြင်းထန်သော်လည်း ခန္ဓာကိုယ်က မလိုက်နိုင် ဖြစ်နေရပြီ။ သို့ဖြင့် အရှင်အာနန္ဒာမေတ္တေယျသည် ၁၉၀၈ ခု အောက်တိုဘာလတွင် မြန်မာပြည်ဘက်သို့ ခြေဦးလှည့်ခဲ့ရပေသည်။

မြန်မာပြည်သို့ ရောက်သောအခါ သူသည် ယခင်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သည်။ သို့ရာတွင် ကျန်းမာရေးအခြေအနေမှာမူ တိုးတက်ကောင်းမွန်လာခြင်း မရှိပေ။ ၁၉၁၃ ခုတွင် သည်းခြေကျောက်တည်ရောဂါက ထပ်ဆင့်နှိပ်စက်လာပြန်သည်။ သို့ဖြင့် ခွဲစိတ်ကုသရသည်။ သို့ရာတွင် အကျိုးမထူးလှချေ။ ထို့ကြောင့် ရန်ကုန်ထက် ရာသီဥတုသင့်လျော်သည့် အမေရိကန်ပြည် ကာလီဖိုးနီးယားသို့ သွားရောက်နေထိုင်ရန် စီစဉ်ရသည်။ ထိုနယ်၌ သူ့ကို လက်ခံပြုစု စောင့်ရှောက်မည့်သူ

mgyoe.com

mgyoe.com


အစ်မတစ်ယောက်လည်း အသင့်ရှိနေသောကြောင့်ပင်။

သို့ဖြင့် အရှင်အာနန္ဒာမေတ္တေယျသည် သူချစ်ခင်မြတ်နိုး လှသည့် မြန်မာပြည်ကို ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခါနီး အချိန် မှာပင် စွန့်ခွာသွားရသည်။ သူ့အတွက် ခရီးစရိတ်ကို မြန်မာ ပြည်သူတို့က လှူဒါန်းကြသည်။ ကပ္ပိယမခေါ်နိုင်သဖြင့် ငွေ ကိုင်ရန် အခက်တွေ့ရပြန်သည်။ ထို့ပြင် ရောဂါကြောင့် ရဟန်း ဝတ်ဖြင့် နေထိုင်ရန်လည်း မလွယ်ကူပြန်။ နောက်ဆုံးတွင် ကြံရာမရသောကြောင့် သူ့အမြတ်နိုးဆုံးဖြစ်သော ရဟန်းဘဝ ကို ရင်နာစွာဖြင့် စွန့်လွှတ်လိုက်ရရှာလေသည်။ ထိုအချိန်၌ အသက် ၄၁ နှစ်အရွယ် ရှိသည်။

ရဟန်းလူထွက် အယ်လင်ဗင်းနက်သည် ဝေဒနာကို ပြင်း ထန်စွာခံစားရင်း မြန်မာပြည်မှ သင်္ဘောဖြင့် ထွက်ခွာလာရာ ၁၉၁၃ ခု၊ မေလတွင် အင်္ဂလန်ပြည် လီဗာပူဆိပ်ကမ်းမြို့သို့ ဆိုက်ရောက်သည်။ အစ်မဖြစ်သူသည်လည်း အင်္ဂလန်ပြည်၌ ဆောင်ရွက်ရန် ကိစ္စတစ်ရပ်ရှိသဖြင့် အမေရိကန်ပြည်မှ ရောက် ရှိလာသည်။ အစီအစဉ်မှာ မောင်နှမနှစ်ဦး လီဗာပူသင်္ဘောဆိပ် မြို့၌ တွေ့ဆုံပြီး ထိုမှတစ်ဆင့် သင်္ဘောဖြင့် အမေရိကန်သို့ အတူသွားရန် ဖြစ်သည်။

သို့ဖြင့် စက်တင်ဘာလ ၁၂ ရက်နေ့တွင် တွေ့ဆုံရန် မောင်နှမနှစ်ဦး စီစဉ်ထားကြသည်။ ချိန်းဆိုသောနေ့သို့ ရောက် ပါပြီ။ အယ်လင်ဗင်းနက်သည် သင်္ဘောဆိပ်သို့ ဆင်းသွားသော အခါ သက်ဆိုင်ရာများက လက်မခံ၊ တားမြစ်ကြသည်။ သူခံစား

mgyoe.com

mgyoe.com


နေရသော လက်ရှိရောဂါ အခြေအနေဖြင့် နယူးယောက် ဆိပ်ကမ်းက လက်ခံမည်မဟုတ်ကြောင်း ပြောဆိုတားမြစ်ကြသည်။ သို့ဖြင့် သင်္ဘောပေါ်တွင် ရောက်နေနှင့်ပြီးဖြစ်သော အစ်မဖြစ်သူသည် သင်္ဘောပေါ်မှဆင်း၍ မောင်ကို ခေတ္တတွေ့ဆုံရသည်။ ကြေကွဲစရာပင်။ မည်သို့မျှ မတတ်နိုင်။ နောက်ဆုံးတွင် အယ်လင်ဗင်းနက်သည် အင်္ဂလန်မှာပင် သောင်တင်နေတော့သည်။

မကြာမီ ပထမကမ္ဘာစစ်ကြီးလည်း ဖြစ်ပွားလေတော့သည်။ ပထမကမ္ဘာစစ်ကြီးကြောင့် အင်္ဂလန်ရှိ ဗုဒ္ဓဘာသာအသင်းမှာ အခြေယိုင်လဲသွားသည်။ သို့ရာတွင် အယ်လင်ဗင်းနက်သည် ကျန်းမာရေးအခြေအနေ ဆိုးရွားသည့်ကြားထဲမှပင် အသင်းအတွက် ကြိုးပမ်းသည်။ မစ္စတာဒဗလျူအာသာဒီဆီးလဗားဆိုသူ ပုဂ္ဂိုလ်၏ အကူအညီဖြင့် အသင်းကို ပြန်လည်ထူထောင်သည်။ အသင်းက ထုတ်ဝေသော "ဗုဒ္ဓဘာသာဝင်ရီဗျူး" ဂျာနယ်ကို ပြန်လည်ထုတ်ဝေသည်။ အယ်လင်ကပင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

အယ်လင်၏လုပ်ငန်းကို မြန်မာနှင့် သီရိလင်္ကာရှိ မိတ်ဆွေဟောင်းများက ကူညီကြသည်။ သို့ရာတွင် အယ်လင်၏ ကျန်းမာရေးအခြေအနေမှာ အထူးဆိုးရွားလှသဖြင့် လုပ်ငန်းများ မတွင်ကျယ်လှပေ။

အယ်လင်သည် မိမိရောဂါ၏အခြေအနေကို သိရှိသဖြင့် သူ၏နောက်ဆုံးလက်ရာအဖြစ် 'အရိယာတို့၏ပညာ' အမည်ရှိ

mgyoe.com

mgyoe.com


ကဗျာရှည်ကို ဖွဲ့ဆိုသည်။ ထူးခြားပြောင်မြောက်လှသော ကဗျာရှည်ပင် ဖြစ်သည်။ ထိုကဗျာစာအုပ်ကို စက်တင်ပုံနှိပ်ပြီး နိုင်ငံအများသို့ ဖြန့်ချိသည်။ ထိုကဗျာစာအုပ် သိရိလင်္ကာနိုင်ငံသို့ ရောက်ရှိပြီး ၃ ရက်အကြာတွင် အယ်လင်ဗင်းနက် ကွယ်လွန်သွားရှာပေသည်။ သူ ကွယ်လွန်ခါနီးအချိန်တွင် အိမ်ရှေ့မှ သူတောင်းစားတစ်ယောက် ပိုက်ဆံတောင်းသံကို ကြားရသည်။ ဝေဒနာမသက်မသာ ဖြစ်နေရာမှ "သူတောင်းစားကို ပိုက်ဆံပေးလိုက်ပါကွယ်" ဟူ၍ ပြောဆိုရင်း တည်ငြိမ်စွာ ကွယ်လွန်သွားရှာပေသည်။

အယ်လင်သည် ၁၉၂၃ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် လန်ဒန်မြို့၌ ကွယ်လွန်ခြင်းဖြစ်သည်။ ကွယ်လွန်ချိန်၌ အသက် ၅၁ နှစ်အရွယ်သာ ရှိသေးသည်။

အယ်လင်ဗင်းနက်ခေါ် အရှင်အာနန္ဒာမေတ္တေယျသည် ဗုဒ္ဓ၏သားတော်မြတ်တစ်ပါး ဖြစ်ခဲ့သည်။ သူသည် ၁၉၀၂ ခု၊ အသက် ၃၀ အရွယ်မှ ၁၉၁၃ ခု၊ အသက် ၄၀ နှစ်အရွယ်အထိ ရဟန်းပြုခဲ့သည်။ ကျန်းမာရေးကြောင့် ဝိနည်းနှင့်အညီ မနေနိုင်သဖြင့် သူမြတ်နိုးလှသော ရဟန်းဘဝကို ရင်နာစွာ စွန့်ခွာခဲ့ရရှာသူဖြစ်သည်။ သူသည် ဗုဒ္ဓဘာသာဝင် ဖြစ်လာသည့်အချိန်မှစ၍ ကွယ်လွန်ချိန်အထိ ဗုဒ္ဓတရားတော်နှင့်အညီ ကြိုးစားကျင့်ကြံအားထုတ်နေထိုင်ခဲ့သည်။ ဗုဒ္ဓသာသနာ ပြန့်ပွားရေးကို ကျန်းမာရေးအခြေအနေဆိုးရွားသည့် ကြားထဲက အစွမ်းကုန်ဆောင်ရွက်ခဲ့သည်။

mgyoe.com

mgyoe.com


မစ္စတာ ဒူးဂလက်သည် ဘိက္ခုအသောကဘွဲ့ဖြင့် အရှင်အာနန္ဒာမေတ္တေယျထက် ဦးစွာရဟန်းဝတ်ခဲ့သည်ကား မှန်ပေသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အရှင်အာနန္ဒာမေတ္တေယျကဲ့သို့ သာသနာအကျိုးကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ပညာရှင်အများက ဥရောပတိုက်သားများထဲတွင် ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းအဖြစ် ရှုပ်ရှုပ်ချွံချွံ ကျယ်ကျယ်ပြန့်ပြန့် ပထမဆုံး ဦးဆောင် ဆောင်ရွက်ခဲ့သူမှာ အရှင်အာနန္ဒာမေတ္တေယျပင် ဖြစ်သည်ဟု ဆိုကြပေသည်။

ဆိုလည်း ဆိုထိုက်ပါပေသည်။ သူ ကွယ်လွန်သည်မှာ ကာလကြာခဲ့ပေပြီ။ သို့ရာတွင် အနောက်တိုင်း၌ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ကြိုးပမ်းခဲ့သော သူ၏ဂုဏ်ကျေးဇူးကား မကွယ်မပျောက် အခိုင်အမာတည်လျက်ပင် ရှိပေသည်။

သူ ကွယ်လွန်ပြီးနောက် သူဟောပြောခဲ့သော တရားများနှင့် သူရေးခဲ့သော စာတမ်းများထဲမှ အချို့ကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေကြသည်။ ထိုစာအုပ်စာတမ်းများကို ဖတ်ရှုရာတွင် များစွာတန်ဖိုးရှိလှသည်ကို တွေ့ရှိရသည်။ ဗုဒ္ဓတရားတော်အပေါ် သူ၏ရှုမြင်သုံးသပ်ချက်များမှာ စူးရှသည်။ ထက်မြက်သည်။ သိမ်မွေ့ပညာဆန်သည်။ အရှင်အာနန္ဒာမေတ္တေယျက သူ၏စာတမ်းတစ်စောင်တွင်–

"ဗုဒ္ဓတရားတော်သည် တန်ခိုးရှင်၊ ဖန်ဆင်းရှင် ရှိသည်ဟု ယုံကြည်သော တရားမဟုတ်။ ဆုတောင်းရုံမျှဖြင့် ပြီးပြည့်စုံသော တရားမဟုတ်။ အရမ်းမဲ့ယုံကြည်မှုကို လက်ခံသော တရား

mgyoe.com

mgyoe.com


မဟုတ်။ တရားသေဝါဒကို အားပေးသော တရားမဟုတ်။ ပြန်လည်စောဒကတက်ခွင့်မရှိသော တရားမဟုတ်။ စဉ်းစားဆင်ခြင်ဉာဏ်ပေါ်တွင် အခြေတည်သော တရားဖြစ်သည်။ ဆင်ခြင်တုံတရားကိုအခြေပြုသည့် သဘောတရားများ ပါဝင်သောတရားဖြစ်သည်။ တမ်ဖန် သဘောတရားမျှသာ မဟုတ်။ လက်တွေ့ပါကျင့်ကြံအားထုတ်ရသော တရားဖြစ်သည်" ဟူ၍ ဖော်ပြထားသည်။

အခြား စာတမ်းတစ်စောင်တွင်မူ "....ဗုဒ္ဓဝါဒသည် တရားစာကိုချည်း ရွတ်ဖတ်သရဇ္ဈာယ်နေရသော ဝါဒမဟုတ်။ လက်တွေ့ကျင့်ကြံအားထုတ်ရသော ဝါဒဖြစ်သည်။ ထို့ကြောင့် အကြင်သူသည် တရားစာများကို အကြိမ်တစ်ထောင် ရွတ်ဖတ်နေသော်လည်း ထိုတရားအတိုင်း ကျင့်ကြံနေထိုင်ခြင်း မပြုပါက ထိုသူသည် ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည် လိုက်နာသူဖြစ်သည်ဟု မယူဆနိုင်။ တရားစာကို အကြိမ်တစ်ထောင်မရွတ်သော်လည်း တရားစာတစ်ပုဒ်ကို နားလည်အောင်ပြု၍ ထိုအတိုင်း လက်တွေ့ကျင့်ကြံသူသာလျှင် ဗုဒ္ဓ၏တရားကို မှန်ကန်စွာ သက်ဝင်ယုံကြည်လိုက်နာသူ ဟူ၍ ယူဆနိုင်သည်။ ဥပမာ ငါးပါးသီလကို နားလည်ပြီး အလွတ်ရွတ်ဆိုနေသော်လည်း ယင်းကို လိုက်နာကျင့်ကြံခြင်း မပြုပါက ဗုဒ္ဓဘာသာအစစ်ဟူ၍ မယူဆနိုင်ပါ" ဟု ဖော်ပြထားသည်။

စာတမ်းတစ်စောင်တွင်လည်း "....ဗုဒ္ဓတရားတော်သည် နေ့စဉ်ဖြစ်ပျက် တွေ့ကြုံနေသော လူမှုကိစ္စများနှင့်လည်း သက်

mgyoe.com

mgyoe.com


ဆိုင်သည်။ ဗုဒ္ဓတရားတော်ကို မှီးငြမ်းပြု၍ လူမှုကိစ္စများတွင် လက်တွေ့ကျင့်ကြံနေထိုင်ခြင်းဖြင့် လူ့စွမ်းရည်သတ္တိကို အပြည့်အဝအသုံးချနိုင်သည်" ဟူ၍ ဖော်ပြထားသည်။

ထို့ပြင် "ကံ" နှင့်ပတ်သက်၍လည်း ဗုဒ္ဓ၏ယူဆချက်ကို စာတမ်းတစ်စောင်တွင် ဖွင့်ဆိုပြထားသည်။ အရှင်အာနန္ဒာမေတ္တေယျက–

"ဗုဒ္ဓတရားတော်အရ မည်သည့် သက်ရှိသတ္တဝါမဆို စိတ်၏စေ့ဆော်ချက်အရ ပြုခဲ့သော အတိတ်ကံ (ဝါ) အတိတ်လုပ်ရပ်များအပေါ် မူတည်၍ ထိုသူ၏အမူအကျင့်၊ စရိုက်၊ စိတ်နေစိတ်ထား ဘဝလမ်းကြောင်းတို့သည် ဖြစ်ပေါ်လာကြရသည်သာ ဖြစ်သည်။ တစ်နည်းအားဖြင့် ဗုဒ္ဓဝါဒသည် ကံတရားကို ပဓာနပြုသော ဝါဒဖြစ်သည်။ သို့ရာတွင် သေချာစွာဆန်းစစ်ကြည့်ပါက အတိတ်ကံသည် ပစ္စုပ္ပန်အခြေအနေကို မည်သို့ပင် ဖန်တီးသည်ဆိုစေကာမူ ထိုပစ္စုပ္ပန်အခြေအနေကိုပင် ထက်မြက်သော ဉာဏ်အမြော်အမြင်ဖြင့် မိမိဆန္ဒရှိရာ ပြုပြင်ဆောင်ရွက်သွားမည်ဆိုပါက အနာဂတ်ကို ပြုပြင်ဖန်တီးနိုင်သည်။ တစ်နည်းအားဖြင့် ဉာဏ်ထက်မြက်သော သတ္တဝါအဖို့ (အထူးသဖြင့် လူသားအဖို့) လက်ရှိအခြေအနေအတွက် ကံကြမ္မာကို သူသာလျှင် ပိုင်ဆိုင်ပေသည်။ အတိတ်ကပြုခဲ့သော စွမ်းအားများ၏ ရောင်ပြန်ဟပ်မှုအတိုင်း သူ့ဘဝသည် ဖြစ်ရသည်ဆိုသော်ငြားလည်း လက်ရှိကံကြမ္မာကိုကား သူသာလျှင် ပိုင်ဆိုင်ပေသည်။ ထို့ပြင် အနာဂတ်အတွက် ပိုင်စိုးသူမှာလည်း သူသာလျှင် ဖြစ်ပေသည်။

mgyoe.com

mgyoe.com


အကယ်၍ သူသည် ဉာဏ်ပညာဖြင့် ပြုပြင်ထိန်းကျောင်းသွားမည်ဆိုပါက နောင်ဘဝအတွက်သာမက လက်ရှိအနာဂတ်ဘဝအတွက်ပါ သူ့ဘဝ၊ သူ့စရိုက်၊ သူ့စိတ်၊ သူ့အခြေအနေတို့ကို ဖန်တီးနိုင်ပေသေးသည်" ဟူ၍ ဖော်ပြထားသည်။ စာတမ်းတစ်စောင်တွင်လည်း အရှင်အာနန္ဒာမေတ္တေယျက–

"မီးသဘော်တစ်စင်းတွင် အင်ဂျင်စက်သည် အဓိကဖြစ်သည်။ ထိုအင်ဂျင်စက် လည်ပတ်နိုင်ရန်လည်း ရေနွေးငွေ့စွမ်းအင်က ချုပ်ကိုင်သည်။ ထို့အတူ လူသားတို့တွင် အဓိကသည် စိတ်ဖြစ်သည်။ တစ်ဖန် ထိုစိတ်ကိုလည်း သမာဓိတည်းဟူသော စိတ်စွမ်းအင်က ချုပ်ကိုင်သည်။ သမာဓိစွမ်းအင်ဖြင့် လိုရာကို ပြုလုပ်နိုင်သည်။ သမာဓိစွမ်းအင်ကို အသုံးပြု၍ပင် ကလေးငယ်သည် စကားပြောတတ်လာခြင်း ဖြစ်သည်။ သမာဓိစွမ်းအင်ကို အသုံးပြု၍ပင် နပိုလီယန်သည် လူပေါင်းများစွာကို သေကျေပျက်စီးစေကာ ပူဆွေးသောကကို ဖြစ်စေခဲ့သည်။ သမာဓိစွမ်းအင်ကို အသုံးပြု၍ပင် ဗုဒ္ဓသည် ကမ္ဘာသုံးပုံတစ်ပုံ အရေအတွက်ရှိသော လူသားတို့၏အသည်းနှလုံးကို ယဉ်ကျေးသိမ်မွေ့စေခဲ့သည်။ သမာဓိစွမ်းအင်ကို အသုံးပြု၍ပင် သိပ္ပံဆရာ နယူတန်သည် နေနှင့်ကမ္ဘာတို့၏ အလေးချိန်ကို ဖော်ထုတ်နိုင်ခဲ့သည်။ သမာဓိစွမ်းအင်သည် အကောင်းကိုလည်း ပြုနိုင်သည်။ အဆိုးကိုလည်း ပြုနိုင်သည်။ ဗုဒ္ဓနည်းဖြင့် သမာဓိစွမ်းအင်ကို အသုံးချပါက လူ့လောက တိုးတက်ငြိမ်းချမ်း သာယာရေးအတွက်လည်း စွမ်းဆောင်နိုင်သည်။ လူသားတိုင်း တောင့်တသည့်၊ ဖော်ပြရန်ခက်

mgyoe.com

mgyoe.com

ခဲ့သည့် ငြိမ်းချမ်းမှုကိုလည်း ရနိုင်သည်" ဟူ၍ ဖော်ပြထားသည်။

အရှင်အာနန္ဒာမေတ္တေယျသည် ဓမ္မပဒဦပါဠိရှိသော "မကောင်းမှုဟူသမျှ မပြုရာ။ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း" ဟူသော ဗုဒ္ဓ၏အဆုံးအမကို များစွာအလေးအနက်ထားသည်။ ထိုအဆုံးအမသည် လူသားတို့အတွက် 'ကျင့်စဉ်အချုပ်' ဟုသဘောထားသည်။ ထို့ကြောင့် သူ၏စာတမ်းတစ်စောင်တွင် "ထိုအဆုံးအမအတိုင်း လူသားတို့သည် ပြုကျင့်သင့်သည်။ 'မကောင်းမှုကို မပြုရာ' ဆိုရာ၌ ငါးပါးသီလဖြစ်သည့် သူ့အသက်မသတ်ခြင်း၊ မုသားစကား မပြောခြင်း၊ သေရည်သေရက် မသောက်ခြင်းတို့ ဖြစ်သည်။ ဤငါးချက်ကို ရှောင်ရန်ဖြစ်သည်။ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံရမည်ဆိုရာ၌ ပေးကမ်းစွန့်ကြဲခြင်းနှင့် သတ္တဝါများအပေါ် မေတ္တာထားခြင်းတို့ဖြစ်သည်။ ဤနှစ်ချက်ကို ဆောင်ရန်ဖြစ်သည်။ စိတ်ကိုဖြူစင်စေရန်အတွက်မူ ဗုဒ္ဓနည်းအတိုင်း ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်းပင် ဖြစ်ပေသည်" ဟူ၍ ဖော်ပြထားပေသည်။

စာတမ်းတစ်စောင်တွင်မူ အရှင်အာနန္ဒာမေတ္တေယျသည် လယ်တီဆရာတော်ဘုရားကြီးကို အထူးချီးကျူးထားသည်။ လယ်တီဆရာတော်ဘုရားကြီးသည် ကျောင်းရိပ်၊ သစ်ပင်ရိပ်တွင်တစ်ပါးတည်း တရားကျင့်ကြံအားထုတ်ပြီးနောက် သာသနာပြန့်ပွားရေးအတွက် လူထုကြားသို့ ဝင်ကာ ဗုဒ္ဓတရားတော်ကို လူထုနားလည်အောင် လွယ်ကူရှင်းလင်းစွာ ဟောကြားခြင်း၊ ရေးသား

mgyoe.com

mgyoe.com

ပြုစုခြင်း ပြုသည်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံ ချီးကျူးထားပေသည်။

လယ်တီဆရာတော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၈ ခု (ခရစ်နှစ် ၁၈၄၆)တွင် ဖွားမြင်သည်။ အရှင်အာနန္ဒာ မေတ္တေယျထက် သက်တော် ၂၄ နှစ် ကြီးသည်။ လယ်တီ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာပြန့်ပွားရေးကို ပြည် တွင်း၌သာမက ပြည်ပသို့ပါ တိုးချဲ့ဆောင်ရွက်နိုင်သည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကြီးပင် ဖြစ်လေသည်။

အရှင်အာနန္ဒာမေတ္တေယျသည် သီရိလင်္ကာမှာထက် မြန်မာနိုင်ငံမှာ အနေကြာခဲ့သည်။ သို့သော်လည်း သီရိလင်္ကာ သားတို့သည် သူ့ကို လွန်စွာကြည်ညိုကာ အစဉ်အမှတ်ရလျက် ရှိကြသည်။ သူ ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်သော်လည်း သီရိလင်္ကာနိုင်ငံက ထုတ်ဝေသော 'ဗုဒ္ဓကမ္ဘာ' စာစောင်(၁၉၅၀ ခု၊ ဒီဇင်ဘာလထုတ်)၌ သူရေးခဲ့သော ဆောင်းပါးတစ်ပုဒ်ကို ကောက်နုတ်၍ အမှတ်တရ ပြန်လည် ဖော်ပြခဲ့သည်။

ထိုဆောင်းပါး၌ အရှင်အာနန္ဒာမေတ္တေယျက–

"ဗုဒ္ဓဝါဒသည် ကမ္ဘာသူ ကမ္ဘာသားအားလုံး လိုက်နာကျင့် သုံးသင့်သော ဝါဒဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တိုင်း ကျင့်သုံးရ သည့် ငါးပါးသီလ၌ ပါရှိသော 'သူ့အသက်မသတ်ရ' ပညတ် ချက်တစ်ချက်ကို လိုက်နာလျှင်ပင် ကမ္ဘာ့စစ်ပွဲများ မဖြစ်ပွားနိုင်။ စစ်၏အနိဋ္ဌာရုံများ မပေါ်ပေါက်နိုင်။ တစ်ဖန် 'သေရည်သေရက်

mgyoe.com

mgyoe.com


ကို မသောက်စားနှင့်' ဟူသော ပညတ်ချက်ကို လိုက်နာလျှင်ပင် ရာဇဝတ်မှုခင်းများ လျော့ပါးနိုင်သည်။ ဗုဒ္ဓဘာသာသည် အမျိုးသမီးများကိုလည်း ယောကျ်ားများနှင့်တန်းတူ အခွင့်အရေး ပေးသော ဘာသာဖြစ်သည်။ ကမ္ဘာ့လူသားတို့ တိုးတက်ရေး အတွက် ခေတ်သစ်ပညာရေးစနစ်ကို ချမှတ်ရာတွင် ဗုဒ္ဓဝါဒနှင့် အညီ ချမှတ်သင့်သည်။ ဗုဒ္ဓဝါဒသည် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များ သင်ကြားခြင်းကို အထူးအားပေးသည်။ သို့ရာတွင် ထိုမျှဖြင့် မလုံလောက်။ လူသားတို့တွင် စိတ်ဓာတ်သည် အဓိကဖြစ်သဖြင့် စိတ်ဓာတ် ကောင်းမွန်ရေးအတွက်လည်း ပူးတွဲလေ့ကျင့် ပျိုး ထောင်ပေးရမည်ဟု ညွှန်ကြားထားသည်" ဟူ၍ ဖော်ပြထားပေ သည်။

အရှင်အာနန္ဒာမေတ္တေယျ၏ တင်ပြချက်မှာ စူးရှထက် မြက်လှပေသည်။ ခေတ်နှင့်လည်း ကိုက်ညီလှပေသည်။

အရှင်အာနန္ဒာမေတ္တေယျသည် ဗုဒ္ဓသာသနာတော်ထွန်း ကားရေးအတွက် ထက်မြက်သော ဉာဏ်၊ ကြီးမားသော လုံ့လ၊ ခိုင်မာသော ဇွဲသတ္တိတို့ဖြင့် ကြိုးပမ်းခဲ့သော ပုဂ္ဂိုလ်ထူးတစ်ပါး ပင် ဖြစ်ပေသည်တကား။

❑

mgyoe.com

mgyoe.com



ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏတိလောက

mgyoe.com

mgyoe.com

## ဂျာမန်ဘုန်းတော်ကြီး
## အရှင်ဉာဏတိလောက

၁၉၀၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ထူးခြားသော ဂျာမန်လူမျိုးတစ်ဦး ရောက်ရှိလာသည်။ သူသည် အသက် ၂၅ နှစ်အရွယ်ခန့်ရှိသော လူငယ်တစ်ဦး ဖြစ်သည်။

သူရောက်လာသည်မှာ နိုင်ငံရေးအတွက်လည်း မဟုတ်၊ စီးပွားရေးအတွက်လည်း မဟုတ်၊ ပညာရေးအတွက်လည်း မဟုတ်၊ အုပ်ချုပ်ရေးအတွက်လည်း မဟုတ်၊ ခရစ်ယာန်သာသနာပြုရေးအတွက်လည်း မဟုတ်၊ ဗုဒ္ဓဘာသာရဟန်းအဖြစ် ခံယူရန်အတွက် ထူးထူးခြားခြား ရောက်ရှိလာခြင်း ဖြစ်ပေသည်။

သူသည် ရှေးဦးစွာ သာမဏေအဖြစ် ခံယူသည်။ ထို့နောက် တစ်နှစ်အကြာတွင် ရဟန်းအဖြစ် ခံယူသည်။ သူ၏ဘွဲ့အမည်မှာ အရှင်ဉာဏတိလောက ဖြစ်သည်။ ဂျာမန်လူမျိုးများ

mgyoe.com

mgyoe.com


ထဲမှ ပထမဦးဆုံး ဗုဒ္ဓဘာသာရဟန်းအဖြစ် ဝွန့်စားခံယူသူပင် တည်း။ ထိုစဉ်က သူ၏ပစ္စည်းလေးပါး ဒါယကာမှာ မင်းကြီး ကတော် ဒေါ်မြမေပင် ဖြစ်ပေသည်။

အရှင်ဉာဏတိလောက၏ လူအမည်မှာ အန်ထွန်ဝေါ်လ တာဖလော်ရု(စ်)ဂူးအက် (Anton Walter Florus Gueth) ဖြစ် သည်။ သူ့ကို ၁၈၇၈ ခုတွင် ဂျာမနီနိုင်ငံ ဝိစ်ဘန်ဒင်မြို့၌ ဖွား မြင်သည်။ သူ၏ဖခင်သည် ထိုမြို့ရှိ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဖြစ်လေသည်။

အန်ထွန်ဂူးအက်သည် အရွယ်ရောက်သောအခါ ရှေးဦး စွာ အထက်တန်းကျောင်း၌ ပညာဆည်းပူးသည်။ ထို့နောက် ဂီတပညာကို ဝါသနာပါသဖြင့် လေ့လာဆည်းပူးသည်။ သူသည် ဂီတပညာကို ဖရင့်ဖတ်မြို့ ဂီတသိပ္ပံမှ ပါမောက္ခ အိုင်ဝမ်နော် ထံတွင်လည်း ဆည်းပူးသည်။ ပဲရစ်မြို့ဂီတသိပ္ပံမှ နာမည်ကျော် ဂီတပညာရှင် ချားလ်(စ်)မာရီဝိဒေါ်ထံတွင်လည်း ဆည်းပူးသည်။ သူသည် တေးသီချင်းဖွဲ့ဆိုခြင်း အတတ်ပညာနှင့် တယောထိုး အတတ်ပညာတို့ကို အထူးကျွမ်းကျင် တတ်မြောက်ခဲ့သည်။

အန်ထွန်ဂူးအက်သည် ပညာစုံသောအခါ တယောဆရာ ဂီတပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြု၍ နေထိုင်ရာ အထူးကျော်ကြား အောင်မြင်ခဲ့သည်။

သူသည် ဂီတပညာကို လေ့လာဆည်းပူးစဉ်ကပင် ဒဿနိ ကဗေဒပညာကို စိတ်ဝင်စားခဲ့သည်။ ထို့ကြောင့် အားလပ်ချိန် များတွင် ဒဿနိကဗေဒဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ရှု

mgyoe.com

mgyoe.com



လေ့လာခဲ့သည်။ တယောဆရာဖြစ်လာသော အချိန်တွင်ကား ဒဿနိကဗေဒဆိုင်ရာ စာအုပ်စာတမ်းများကို ပိုမိုဖတ်ရှုလေ့လာခဲ့သည်။ ဤတွင် သူသည် ဗုဒ္ဓတရားတော်များကို ဖတ်ရှုမိကာ စတင်စိတ်ဝင်စားလာခဲ့သည်။

တစ်နေ့သ၌ သူသည် ဗုဒ္ဓတရားတော်ကို စိတ်ဝင်စားရာမှ လေ့လာလိုက်စားလိုစိတ် ဖြစ်ပေါ်လာသည်။ သို့ဖြင့် သူသည်



သီရိလင်္ကာရှိ အရှင်ဉာဏတိလောက၏ ဂူဗိမာန်

mgyoe.com

mgyoe.com

သီရိလင်္ကာနိုင်ငံသို့ တစ်ကိုယ်တည်း ထွက်လာခဲ့သည်။ ထိုနိုင်ငံ၌ ဗုဒ္ဓတရားတော်ကိုလည်းကောင်း၊ ပါဠိနှင့် သက္ကတဘာသာတို့ကိုလည်းကောင်း ကျနစွာ လေ့လာဆည်းပူးသည်။ ထို့နောက် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလိုက်လေသည်။

အန်ထွန်ဂူးအက်သည် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပြီးနောက် လောကီချမ်းသာ ကြီးပွားတိုးတက်မှု အဝဝကို စွန့်လွှတ်လိုက်သည်။ မြန်မာနိုင်ငံသို့ လာရောက်၍ ရဟန်းပြုနေထိုင်လေသည်။

သူသည် မြန်မာနိုင်ငံ၌ သီတင်းသုံးနေထိုင်စဉ် ပါဠိဘာသာနှင့် ဗုဒ္ဓစာပေတို့ကို ထပ်မံလေ့လာ ဆည်းပူးသည်။ ထိုစဉ်က သူသည် နံ့ကြီးဆရာတော်နှင့် အလွန်ခင်မင် ရင်းနှီးခဲ့သည်။ နံ့ကြီးဆရာတော်ကား ဓမ္မကထိကအများ လက်စွဲပြုရသော ဝဏ္ဏဘေဒနီကျမ်းကို ရေးသားခဲ့သူ ဖြစ်ပေသည်။

အရှင်ဉာဏတိလောကသည် ဗုဒ္ဓတရားတော်ကို ကျနစွာ လေ့လာလိုက်စားသည်နှင့်အမျှ နိုင်ငံခြားတိုင်းပြည်များ၌ ထိုတရားတော် ပြန့်ပွားရေးကိုလည်း အထူးဆောင်ရွက်ခဲ့ပေသည်။ ၁၉၀၃ ခုတွင် ဒေါက်တာ စီဒင်စကျူကာသည် ဂျာမနီပြည် လစ်ပဇစ်မြို့၌ ဗုဒ္ဓဘာသာအသင်းကို တည်ထောင်လိုက်သည်။ ၁၉၀၅ ခု၌ ဗုဒ္ဓဘာသာစာစောင်များကို စတင်ထုတ်ဝေလေသည်။ အရှင်ဉာဏတိလောကသည် ထိုစာစောင်၌ ဗုဒ္ဓတရားတော်အကြောင်း ဆောင်းပါးများ ရေးခဲ့သည်။ ဂျာမန်လူမျိုးများအား ဗုဒ္ဓတရားတော်နှင့် မိတ်ဆက်ပေးခဲ့လေသည်။
mgyoe.com

mgyoe.com


အရှင်ဉာဏတိလောကသည် ၁၉၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ကြွသွားသည်။ ထို့နောက် ဥရောပ၌ ဗုဒ္ဓတရားတော် ပြန့်ပွားရေးအတွက် ဗုဒ္ဓဘာသာ ဗဟိုဌာနဖြစ်သည့် ဓမ္မဝိဟာရတစ်ခု ဥရောပ၌ ဖွင့်လှစ်သင့်သည်ဟု ယူဆမိသည်။ သို့ဖြင့် ထိုအကြံအစည် ထမြောက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်လေသည်။ သူသည် ဓမ္မနုသာရီဘွဲ့ခံ ဂျာမန်လူမျိုး တပည့်သာမဏေတစ်ဦးနှင့်အတူ ၁၉၀၈ ခုနှစ်တွင် အာရှနှင့် ဥရောပနိုင်ငံအချို့သို့ လှည့်လည်၍ တရားဟောသည်။ အလှူငွေကောက်ခံသည်။ သို့ရာတွင် မျှော်လင့်သလောက် အလှူငွေများမရသဖြင့် အကြံမအောင်ခဲ့ပေ။

သို့ဖြင့် ဓမ္မနုသာရီသည် ဂျာမနီနိုင်ငံသို့ ပြန်ကြွသွားသည်။ စာအုပ်ထုတ်ဝေရေး တိုက်တစ်တိုက် ဖွင့်လှစ်တည်ထောင်လိုက်သည်။ 'ဗုဒ္ဓကမ္ဘာ' အမည်ရှိ ဂျာမန်မဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေသည်။ ဗုဒ္ဓတရားတော်ကို ဖြန့်ဖြူးသည်။ ဓမ္မဝိဟာရ တည်ထောင်ရေးအတွက် ဆက်လက်ကြိုးပမ်းသည်။

ထိုအချိန်၌ အရှင်ဉာဏတိလောကသည် အာရှနိုင်ငံများတွင် လှည့်လည်သီတင်းသုံး နေထိုင်ရင်း ဗုဒ္ဓတရားတော်ဆိုင်ရာ ကျမ်းများပြုစုလျက် ရှိသည်။

၁၉၀၉ ခုနှစ်တွင် ဂျာမန်ဗုဒ္ဓဘာသာဝင်တို့နှင့် အီတာလျံ ဗုဒ္ဓဘာသာဝင်တို့သည် အီတလီပြည်နှင့် ဆက်စပ်လျက်ရှိသော ဆွစ်ဇာလန်ပြည်ပိုင်း၌ ဗုဒ္ဓဘာသာ ကျောင်းတစ်ကျောင်း ဆောက်လုပ်ထားရှိရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကြသည်။ အဖွဲ့

mgyoe.com

mgyoe.com


ခေါင်းဆောင်အဖြစ် အရှင်ဉာဏတိလောကကို တင်မြှောက်ကြသည်။

ထို့ကြောင့် ၁၉၁၀ ပြည့်နှစ်တွင် အရှင်ဉာဏတိလောကသည် ဆွစ်ဇာလန်ပြည်သို့ ကြွရောက်လာသည်။ အဲလ်(ပ)တောင်ပေါ်ရှိ သတင်းစာဆရာ ဘစ်(ဂ)နာမီ၏ အကူအညီဖြင့် ကျောင်းတစ်ဆောင် ဆောက်လုပ်ကာ သီတင်းသုံးနေထိုင်သည်။ ဘစ်(ဂ)နာမီကား အီတာလျံမျိုးချစ်စစ်ဗိုလ်ကြီး ဂယ်ရီဘော်လဒီ၏မိတ်ဆွေပင် ဖြစ်သည်။

ထိုနေရာမှာ ဆိတ်ငြိမ် ငြိမ်းချမ်းသော်လည်း ရာသီဥတုအလွန်ဆိုးရွားသည်။ အအေးဒဏ် အလွန်ပြင်းထန်လှသည်။ ဤတွင် အရှင်ဉာဏတိလောကသည် ဆောင်းရာသီ၌ အအေးဒဏ်ကို မခံရပ်နိုင်သောကြောင့် အီတလီပြည် တုရင်မြို့၊ နေပယ်မြို့၊ ရောမမြို့များသို့ ကြွရောက်နေထိုင်ရရှာသည်။

ထို့နောက် ပြင်သစ်လူမျိုး အင်ဂျင်နီယာတစ်ဦးက လော်ဆိန်းမြို့အနီး အဲလ်(ပ)တောင်တန်းဒေသ၌ ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းသဖြင့် အရှင်ဉာဏတိလောကသည် ထိုကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံး နေထိုင်သည်။ ဗုဒ္ဓတရားဓမ္မကို ဟောပြောသည်။ သူ၏ဟောပြောမှုကြောင့် ဥရောပတိုက်သားအချို့ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။ တစ်ဦးမှာ ရှင်သာမဏေပင် ဖြစ်လာသည်။

အရှင်ဉာဏတိလောကသည် ထိုကျောင်း၌ ကြာရှည်မနေ။ တစ်နှစ်ခန့်သာ သီတင်းသုံးနေထိုင်သည်။ ထိုနေရာမှာ

mgyoe.com

mgyoe.com

နေ၍ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်စွမ်း မရှိကြောင်း သိရသဖြင့် ၁၉၁၁ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ကြွခဲ့သည်။ ရဟန်းခံမည့် ဥရောပတိုက်သားအချို့ကိုလည်း ခေါ်ဆောင်လာခဲ့သည်။

သီရိလင်္ကာသို့ရောက်သောအခါ သူသည် ရတ်ဂါမရေကန်အနီးရှိ ဒိုဒန်ဒုဝကျွန်း၌ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ကာ သီတင်းသုံးနေထိုင်သည်။ နိုင်ငံခြားသားများကို ဗုဒ္ဓဘာသာဝင်များဖြစ်လာအောင် စည်းရုံးခဲ့သည်။ ထိုစဉ်က သူ့ထံဝယ် တပည့်အဖြစ် နည်းနာခံယူကြသူများထဲတွင် ဂျာမန်၊ အမေရိကန်၊ တိဘက်၊ သီရိလင်္ကာ၊ အိန္ဒိယတောင်ပိုင်းသားရဟန်းပုဂ္ဂိုလ်များ ပါဝင်ကြသည်။ ယင်းတို့အနက် ဂျာမန်လူမျိုးရဟန်းတော်များမှာ ကောဏ္ဍည၊ ဝပ္ပ၊ မဟာနာမ၊ ဝိမလ၊ သောဏ၊ ယသ စသည်ဖြင့် ဘွဲ့အမည်ပေးထားသူများ ပါဝင်သည်။ အရှင်ဉာဏတိလောကသည် ထိုထိုရဟန်းများကို သွန်သင်ဆုံးမလျက် နာယက မဟာထေရ်အဖြစ် ခံယူနေထိုင်သည်။ သို့နေထိုင်စဉ် တစ်ဖက်ကလည်း ဗုဒ္ဓဘာသာဆိုင်ရာကျမ်းများကိုပြုစုခြင်း၊ ပြန်ဆိုခြင်းများ ပြုလေသည်။ ထိုအချိန်က အရှင်ဉာဏတိလောကနှင့် တပည့်ရဟန်းများ၏ ပစ္စည်းလေးပါးဒါယကာမှာ သီရိလင်္ကာကျွန်းရှိ ဂျာမန်သံအမတ် ဖြစ်လေသည်။

၁၉၁၄ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ ဗြိတိသျှအာဏာပိုင်များသည် အရှင်ဉာဏတိလောကနှင့် တပည့်များကို ဖမ်းဆီးကာ ဩစတြေးလျတိုက်သို့ ပို့ထားသည်။ ၁၉၁၆

mgyoe.com

mgyoe.com


ခုနှစ်တွင် အရှင်ဉာဏတိလောကသည် ဩစတြေးလျတိုက်မှ ဟာဝိုင်ယီကျွန်းရှိ ဟိုနိုလူလူကျွန်းသို့ ကြွသွားသည်။ ထိုမြို့ရှိ အမေရိကန်သူ မစ္စစ်ဖော့စတား၏ အကူအညီဖြင့် တရုတ်ပြည် ရှန်ဟိုင်းမြို့သို့ ဆက်လက်ကြွသွားသည်။ မစ္စစ်ဖော့စတားမှာ ကြွယ်ဝချမ်းသာသူ ဖြစ်သည်။ ဗုဒ္ဓတရားတော်မြတ်နိုး၍ ဗုဒ္ဓဘာ သာလုပ်ငန်းများအတွက် ရက်ရောစွာ ငွေကြေးများ လှူဒါန်းသူ ဖြစ်သည်။ သူ့ကို ခေတ်သစ်ဝိသာခါဟုပင် ခေါ်စမှတ်ပြုကြ သည်။

အရှင်ဉာဏတိလောကသည် ၁၉၁၇ ခုနှစ်တွင် ယူနန် နယ် အနောက်တောင်ပိုင်းရှိ ထေရဝါဒဂိုဏ်းဝင် ကျောင်းတစ် ကျောင်း၌ သီတင်းသုံးနေထိုင်ရန် ရှန်ဟိုင်းမြို့မှ ထွက်ခွာသွား သည်။ လမ်းခရီးဖြစ်သော ချုံကင်းမြို့အရောက်တွင် အာဏာပိုင် များက ဖမ်းဆီးပြန်ကာ ဟောင်ကောင်၌ အကျဉ်းချထားလိုက် သည်။

စစ်ကြီးပြီးသောအခါတွင် အရှင်ဉာဏတိလောကကို ဖမ်း ဆီးထားရာမှ လွှတ်လိုက်သည်။ သို့သော် သီရိလင်္ကာနိုင်ငံသို့ ကား ပြန်လာခွင့် မပြုသေးပေ။ သို့ဖြင့် ၁၉၁၉ ခုနှစ်တွင် အရှင်ဉာဏတိလောကသည် အမိဂျာမနီနိုင်ငံသို့ ပြန်ကြွခဲ့သည်။

အရှင်ဉာဏတိလောကသည် ဂျာမနီသို့ ရောက်သောအ ခါ ဟမ်းဘတ်မြို့ရှိ သူ၏အစ်ကိုအိမ်၌ ခေတ္တသီတင်းသုံးနေထိုင် သည်။ ထို့နောက် ဂျာမနီတောင်ပိုင်း သစ်တောကြီးအတွင်းရှိ အဆောက်အအုံ၌ သီတင်းသုံးနေထိုင်သည်။ ထိုအဆောက်အအုံ

mgyoe.com

mgyoe.com


မှာ ဖရော်လင့်ဘုရှ်ဟော့လ်(ဇ) အမည်ရှိ ဘာလင်မြို့သူတစ်ဦး တည်ဆောက်ထားသည့် အဆောက်အအုံ ဖြစ်သည်။ ထိုဘာလင် မြို့သူ အမျိုးသမီးသည် အလွန်ကြွယ်ဝ ချမ်းသာသည်။ ဘာလင် မြို့ရှိ အထက်တန်းစားလောကတွင် အထူးထင်ရှားသည်။ ပညာ အရည်အချင်းနှင့်လည်း ပြည့်စုံသည်။ ရုပ်ရည်ရူပကာယလည်း အလွန်လှပချောမောသည်။ ယောက်ျားတကာ၏ ချစ်ခင်ပိုးပန်း ခြင်းကို အထူးခံရသူဖြစ်သည်။ ငယ်စဉ်က ဂျာမနီပြည်နှင့် ဆွစ်ဇာလန်ပြည်တို့၌ ဂီတပညာကို လေ့လာဆည်းပူးခဲ့သည်။

အရှင်ဉာဏတိလောကသည် ထိုအမျိုးသမီးနှင့် ဂီတ အကြောင်းဆွေးနွေးရာမှ ဗုဒ္ဓတရားတော်အကြောင်း ဆွေးနွေးမိ ကြသည်။ အရှင်ဉာဏတိလောကက ဗုဒ္ဓတရားတော်အကြောင်း ကျနစွာ ရှင်းလင်းဟောပြောရာ ထိုအမျိုးသမီးသည် ဗုဒ္ဓတရား တော်ကို သက်ဝင်ယုံကြည်သွားသည်။ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလိုက်သည်။ သူပိုင်ကြေးငွေဥစ္စာ အားလုံးကိုလည်း ဗုဒ္ဓ သာသနာပြန့်ပွားရေးအတွက် စွန့်လွှတ် လှူဒါန်းလိုက်လေသည်။ ထို့နောက် တစ်ကိုယ်တည်း သီရိလင်္ကာသို့ သွားရောက်နေထိုင် သည်။ သီရိလင်္ကာတွင် 'ဥပ္ပလဝဏ်' အမည်ဖြင့် သီလရှင်ဝတ် သည်။ ဆွမ်းခံစားကာ ရသမျှဖြင့် ရောင့်ရဲတင်းတိမ်စွာ နေထိုင် သည်။ ယခင်က အလွန်ကြွယ်ဝချမ်းသာခြားလည်း ထိုအချိန် တွင် သူ့၌ ကိုယ်ပိုင်ပစ္စည်းဟူ၍ စားပွဲတစ်လုံး၊ ကုလားထိုင် တစ်လုံး၊ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ အဝတ်ချုပ်သည့် အပ်တစ် ချောင်းနှင့် ပိဋကတ်ကျမ်းစာအုပ်များကိုသာလျှင်ထားရှိပေသည်။

mgyoe.com

mgyoe.com


အရှင်ဉာဏတိလောကသည် ၁၉၂၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံမှ သီရိလင်္ကာသို့ တစ်ဖန် ပြန်ကြွလာပြန်သည်။ သို့ရာတွင် သီရိလင်္ကာသို့ ဆင်းခွင့်မရပြန်ပေ။ သို့ဖြင့် ဂျပန်ပြည်သို့ ဆက်လက်ကြွသွားရသည်။ ဂျပန်ပြည်၌နေထိုင်စဉ် တိုကျိုမြို့ မဇ၀ တက္ကသိုလ်၌ ပါမောက္ခအဖြစ် ဆောင်ရွက်သည်။ ပါဠိဘာသာနှင့် ဗုဒ္ဓစာပေတို့ကို ပို့ချသည်။ ငါးနှစ်ကျော်ကြာခဲ့သည်။

၁၉၂၆ ခုနှစ်သို့ ရောက်သောအခါတွင်မှ ဗြိတိသျှအာဏာပိုင်များက အရှင်ဉာဏတိလောကအား သီရိလင်္ကာသို့ ပြန်ကြွခွင့် ပြုခဲ့သည်။ သူသည် ထိုနှစ်မှစ၍ သီရိလင်္ကာရှိ သူ၏ကျောင်းရိပ်သာ၌ အေးချမ်းစွာ သီတင်းသုံးနေထိုင်ခွင့် ရခဲ့ပေသည်။

ထိုအတွင်း အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာသမဂ္ဂကို ဥရောပဗုဒ္ဓဘာသာဝင်များက ဖွဲ့စည်းတည်ထောင်ကြသည်။ အရှင်ဉာဏတိလောကကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြသည်။ သို့ဖြင့် အရှင်ဉာဏတိလောကသည် သူ၏ဂျာမန်တပည့် ဟော့ဖ်မင်းနှင့်အတူ မြန်မာနိုင်ငံသို့ ကြွရောက်လာခဲ့သည်။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းမြို့တို့၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာသမဂ္ဂ အဖွဲ့ခွဲများကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သူ၏တပည့် ဟော့ဖ်မင်းမှာ တဂိုး၏ စန္တိနိကေတန်တက္ကသိုလ်၌ ကထိကလုပ်ခဲ့ဖူးသူ ဖြစ်သည်။ အဖွဲ့ခွဲများ တည်ထောင်ပြီးသောအခါ ဆရာတပည့်နှစ်ဦး သီရိလင်္ကာသို့ ပြန်ကြွသွားကြသည်။

၁၉၃၃ ခုနှစ်တွင် အရှင်ဉာဏတိလောကသည် သူ၏

mgyoe.com

mgyoe.com


ဂျာမန်တပည့်ရဟန်းဖြစ်သူ အရှင်ဉာဏာဓရနှင့်အတူ သီရိလင်္ကာမှ မြန်မာပြည်သို့ ကြွရောက်လာပြန်သည်။ ဂျာမန်ဘာသာဖြင့် သူကိုယ်တိုင် ပြန်ဆိုထားသည့် ဝိသုဒ္ဓိမဂ် ဒုတိယတွဲစာအုပ် ပုံနှိပ်ထုတ်ဝေရန်အတွက် အလှူငွေလာရောက် ကောက်ခံခြင်းဖြစ်သည်။ ထို့နောက် သူသည် တပည့်အရှင်ဉာဏာဓရကို မိုးကုတ်မြို့၌ထားခဲ့ကာ သီရိလင်္ကာသို့ ပြန်ကြွသွားသည်။ အရှင်ဉာဏာဓရသည် မိုးကုတ်မြို့၌ သီတင်းသုံးနေထိုင်စဉ် ပျံလွန်တော်မူသွားရှာလေသည်။

၁၉၃၉ ခုနှစ်၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြန်သည်။ ထိုအခါ ဗြိတိသျှအာဏာပိုင်များက ဆရာတော် အရှင်ဉာဏတိလောက အမှူးပြုသော ဂျာမန်ဘုန်းတော်ကြီးများကို ဖမ်းဆီးပြန်သည်။ အိန္ဒိယပြည် ဒရာဒွန်းစခန်းသို့ ပို့ထားသည်။ မည်သို့ပင်ဖြစ်စေ အရှင်ဉာဏတိလောကကား စိတ်ဓာတ်မကျခဲ့။ ဗုဒ္ဓတရားတော်အပေါ် ယုံကြည်မှု မလျော့ပါးခဲ့။ ထိုစခန်း၌ရှိစဉ် ဗုဒ္ဓဘာသာအဘိဓာန်ကို ရေးသားပြုစုခဲ့ပေသည်။ ထိုဗုဒ္ဓဘာသာအဘိဓာန်သည် ဗုဒ္ဓဘာသာလောကအတွက် များစွာအကျိုးပြုခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ ၁၉၄၆ ခုနှစ်သို့ ရောက်သောအခါမှ အရှင်ဉာဏတိလောက အမှူးပြုသော ဂျာမန်ဘုန်းတော်ကြီးများ အကျဉ်းမှ လွတ်ခဲ့သည်။ သီရိလင်္ကာနိုင်ငံသို့ ပြန်ကြွခွင့်ရခဲ့သည်။

အရှင်ဉာဏတိလောကသည် သီရိလင်္ကာရှိ သူ၏ကျောင်း

mgyoe.com

mgyoe.com


ရိပ်သာ၌ ပြန်လည်သီတင်းသုံး နေထိုင်သည်။ ကျမ်းများကို ဆက်လက်ပြုစုသည်။ သို့ရှိရာမှ ၁၉၅၇ ခုနှစ်၊ သက်တော် ၇၉ နှစ်အရွယ်တွင် ပျံလွန်တော်မူခဲ့ပေသည်။

သူ၏ ထူးခြားမြင့်မြတ်သော ဆောင်ရွက်ချက်တို့ကို ဂုဏ်ပြုသည့်အနေဖြင့် လွတ်လပ်သော သီရိလင်္ကာအစိုးရနှင့် အနောက်ဂျာမနီအစိုးရတို့ ပူးပေါင်းကာ သူ သီတင်းသုံးရာ ကျောင်းဝိဟာ ပရိဝုဏ်တွင် သူ့အထိမ်းအမှတ် ကျောက်တိုင်တစ်ခုကို စိုက်ထူထားသည်။ ကျောက်တိုင်၌ ဓမ္မစကြာတံဆိပ်တော်၊ သပိတ်၊ သင်္ကန်း၊ မင်အိုး၊ ကလောင်တံ ရုပ်တုများ ထွင်းထုထားရှိသည်။ ထို့ပြင် သူ့အတွက် ဂုဏ်ပြုစာကို ပါဠိ၊ သီဟိုဠ် (သီရိလင်္ကာ)၊ အင်္ဂလိပ်၊ ဂျာမန် လေးဘာသာဖြင့် ရေးထိုးထားသည်။ သူ သီတင်းသုံးရာ ကျောင်းဝိဟာကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားသည်။

ဆရာတော်သည် အသက်ထင်ရှားရှိစဉ် ရဟန်းသံဃာပေါင်းများစွာကို ဗုဒ္ဓစာပေ သင်ကြားပို့ချပေးခဲ့သည်။ ဗုဒ္ဓကျမ်းစာများကို ဘာသာပြန်ဆိုခြင်း၊ ရေးသားပြုစုခြင်းများ ပြုခဲ့သည်။ အနောက်တိုင်းသားများစွာတို့အား ဗုဒ္ဓဘာသာဝင်များ ဖြစ်လာအောင် ဆောင်ကြဉ်းပေးခဲ့သည်။ အနောက်နိုင်ငံသား တစ်ရာကျော်မျှကို ဗုဒ္ဓသားတော်၊ ရဟန်းတော်အဖြစ် ပြုပေးခဲ့သည်။ သူ၏တပည့်ရဟန်းများတွင် ဂျာမန်၊ ဂျူး၊ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ ဒတ်ချ်၊ ပေါ်တူဂီ၊ အီတာလျံ၊ ပိုလန်၊ ရုရှ၊ ချက်ကိုစလိုဗားကီးယား၊ ဟန်ဂေရီ၊ ရူမေးနီးယား၊ ဩစတရီးယား၊

mgyoe.com

သြစတေးလျ လူမျိုးတို့ ပါဝင်သည်။ ထို့ပြင် တိဘက်၊ ဆစ်ကင်း၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မြန်မာပြည်မှ ပုဂ္ဂိုလ်များလည်း ပါဝင်သည်။

ထိုတပည့်များတွင် ဂျာမန်လူမျိုးရဟန်းတော် အရှင်ဉာဏပုဏ္ဏိကသည် အထင်ရှားဆုံးဖြစ်သည်။ အရှင်ဉာဏပုဏ္ဏိကသည် ယခုအခါ သီရိလင်္ကာ၌ပင် သီတင်းသုံးနေထိုင်လျက် ရှိသည်။ သူ့ဆရာ၏အရိုက်အရာကို ဆက်ခံကာ သူ့ဆရာ၏ မြင့်မြတ်သောလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လျက် ရှိပေသည်။

အရှင်ဉာဏတိလောကသည် သက်တော်ထင်ရှားရှိစဉ် ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ ပြန့်ပွားရေးအတွက်လည်း ဂျာမန်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ကျမ်းပေါင်းများစွာ ပြုစုခဲ့ပေသည်။ ယင်းတို့တွင် 'ဗုဒ္ဓ၏တရားဒေသနာတော်' အမည်ရှိသောကျမ်းမှာ အလွန်ထင်ရှားသည်။ ယင်းကို ၁၉၀၆ ခုနှစ်တွင် ဂျာမန်ဘာသာဖြင့် ရေးသားပြုစုခဲ့သည်။ ထို့နောက် အင်္ဂလိပ်ဘာသာသို့ သူကိုယ်တိုင် ပြန်ဆိုခဲ့ရာ ၁၂ ကြိမ်တိုင် ပြန်လည်ပုံနှိပ် ထုတ်ဝေရသည်။ ထိုကျမ်းမှာ အခြားဘာသာ ၉ မျိုးဖြင့်လည်း ပြန်ဆိုခြင်းခံရသည်။

အရှင်ဉာဏတိလောကသည် ဗုဒ္ဓဝါဒအခြေခံ၊ အဘိဓမ္မာပိဋကတ်လမ်းညွှန်၊ နိဗ္ဗာန်သို့သွားရာလမ်း၊ ဗုဒ္ဓအဘိဓာန်ကျမ်းများကိုလည်းပြုစုခဲ့သည်။ ထို့ပြင် အင်္ဂုတ္တရနိကာယ်၊ ဝိသုဒ္ဓိမဂ်၊ မိလိန္ဒပဉှာ၊ ပုဂ္ဂလပညတ္တိကျမ်း စသည်တို့ကိုလည်း ဂျာမန်ဘာ

mgyoe.com

mgyoe.com

သာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ပြန်ဆိုခဲ့သည်။

ယင်းတို့အနက် အဘိဓမ္မာ ပိဋကတ်လမ်းညွှန်မှာ ၁၉၃၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် တတိယအကြိမ် ပြန်လည်ပုံနှိပ် ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်၌ အရှင်ဉာဏတိလောကက "ကျွန်ုပ်၏ ပစ္စည်းလေးပါး ဒါယိကာမ ကွယ်လွန်သူ မြန်မာအမျိုးသမီး မစ္စစ်လှအောင်သို့" ဟူ၍ ရည်ညွှန်းဖော်ပြထားပေသည်။ မစ္စစ်လှအောင်ကား မင်းကြီးကတော် ဒေါ်မြမေပင် ဖြစ်ပေသည်။

အရှင်ဉာဏတိလောကသည် ထိုထိုကျမ်းများအပြင် ဗုဒ္ဓတရားတော်ဆိုင်ရာ ဆောင်းပါးများစွာကိုလည်း ရေးသားခဲ့သည်။ ဗုဒ္ဓဘာသာ အခြေခံတရား၊ ကမ္မနှင့် ပြန်လည်မွေးဖွားခြင်း စသည့်ကျမ်းငယ်များကိုလည်း ရေးသားပြုစုခဲ့သည်။

'ကမ္မနှင့် ပြန်လည်မွေးဖွားခြင်း' ကျမ်းငယ်၌ အရှင်ဉာဏတိလောကသည် ဗုဒ္ဓဝါဒ၏ ကမ္မသဘောတရားနှင့် ဘဝအဆက်ဆက် ဖြစ်ပေါ်လာမှုတည်းဟူသော ဘဝသံသရာတရားကို သရုပ်ပေါ်စွာ ရေးသားတင်ပြထားသည်။ ကျမ်းတစ်နေရာ၌ အရှင်ဉာဏတိလောက,က–

"သတ္တဝါတစ်စုံတစ်ဦးအဖို့ သေဆုံးပြီးနောက် ဘဝသည် မပြတ်၊ နောင်တမလွန်ဘဝသို့ ဆက်ရသည်သာ ဖြစ်သည်။ ယင်းသို့ ဘဝဆက်ကြောင်းကို လူဝင်စားများကို လေ့လာခြင်းဖြင့် ကောင်းစွာသိနိုင်သည်။ မိမိသည် မြန်မာနိုင်ငံနှင့် အခြားဒေသများရှိ လူဝင်စားများကို စူးစမ်းလေ့လာရာတွင် ဘဝဟောင်း

mgyoe.com

mgyoe.com


ကို မှတ်မိကြကြောင်း ခိုင်လုံစွာ သိရသည်” ဟူ၍ ဖော်ပြထား သည်။ “ထို့ပြင် ယခင်ဘဝများ၏ အထုံပါရမီများကြောင့် ဘင်သန်(အင်္ဂလိပ်)သည် အသက် ၄ နှစ်အရွယ်မှာပင် ဂရိဘာသာနှင့် လက်တင်ဘာသာတို့ကို ကောင်းစွာ ရေးတတ်ခဲ့သည်။ စတူးမီးလ်(အင်္ဂလိပ်)သည် ၃ နှစ်အရွယ်မှာပင် ဂရိဘာသာစာကို ဖတ်တတ်၍ ၆ နှစ်အရွယ်တွင် ရောမရာဇဝင်ကို ရေးနိုင်ခဲ့သည်။ မက်ကောလေး(အင်္ဂလိပ်)သည် ၆ နှစ်အရွယ်တွင် ကမ္ဘာသမိုင်းကို ရေးနိုင်ခဲ့သည်။ ဘီသိုဘင်(ဂျာမန်)သည် ၇ နှစ်အရွယ်တွင် လူထုပရိသတ်ရှေ့မှောက်၌ ဂီတကိုတီးမှုတ်ပြခဲ့သည်။ မိုးဇာတ်(ဩစထရီးရန်း)သည် ၆ နှစ်မပြည့်မီကပင် သီချင်းများ ရေးစပ်နိုင်ခဲ့သည်။ ဘော်လတဲယား(ပြင်သစ်)သည် ၃ နှစ်သားအရွယ်ကပင် လာဖောင်တိန်၏ ဒဏ္ဍာရီများကို ဖတ်ရှုနိုင်ခဲ့သည်။ ထိုထို စွမ်းဆောင်နိုင်မှုများမှာ ဉာဏ်ကောင်းမှုနှင့် မဆိုင်၊ ဉာဏ်ထက်မြက်မှုနှင့် မပတ်သက်။ ဉာဏ်ကောင်းသူ၊ ဉာဏ်ထက်မြက်သူ အများအပြားရှိသော်လည်း ထိုသို့ မစွမ်းဆောင်နိုင်။ ယခင်ဘဝ၏ အထုံပါရမီကြောင့်သာ ထိုသို့ စွမ်းဆောင်နိုင်ခြင်း ဖြစ်ပေသည်” ဟူ၍ စိတ်ဝင်စားဖွယ် ရှင်းလင်းဖော်ပြထားပေသည်။

အရှင်ဉာဏတိလောကကား ထူးချွန်မြင့်မြတ်သော ပုဂ္ဂိုလ်ထူးကြီးပင် ဖြစ်ပေသည်။ အနောက်တိုင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်သူများတွင် ထိပ်တန်းကပါဝင်ပေသည်။ သူသည် ဗုဒ္ဓတရားတော် ပြန့်ပွားရေးအတွက်

mgyoe.com

mgyoe.com


သူမြတ်နိုးသော ဂီတပညာကိုလည်းကောင်း၊ သူ၏ လောကီကြီးပွား တိုးတက်မှုအဝဝကိုလည်းကောင်း စွန့်လွှတ်ကာ ခိုင်မာသောယုံကြည်ချက်ဖြင့် စွန့်စားဆောင်ရွက်ခဲ့သူပင် ဖြစ်ပေသည်။

အရှင်ဉာဏတိလောကနှင့် ဂျာမန်ပုဂ္ဂိုလ်ကြီးများ၏ အနစ်နာခံကာ ကြိုးပမ်းမှုကြောင့် ဂျာမန်လူမျိုးအများပင် ဗုဒ္ဓတရားတော်ကို နှစ်သက်မြတ်နိုးကာ စိတ်ငြိမ်းချမ်းမှုကို တည်ဆောက်နေနိုင်ကြသည်။ ယခုအခါ အနောက်ဂျာမနီနိုင်ငံ၌ ဗုဒ္ဓတရားတော်ကို စိတ်ဝင်တစား လေ့လာကြသူများမှာ နှစ်သောင်းကျော် ရှိနေသည်။ ထိုအထဲမှ နှစ်ထောင်ကျော်သည် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းခဲ့ကြသည်။ ထိုအထဲမှ နှစ်ဆယ်ကျော်သည် လောကီစည်းစိမ်ကို စွန့်လွှတ်ကာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးဘဝကို ခံယူနေထိုင်ကြသည်။ ထို့ပြင် အနောက်ဂျာမနီရှိ အနောက်ဘာလင်၊ ဘွန်း၊ ဘာရီမင်း၊ ဖရန်းဖတ်၊ ဟမ်းဘတ်၊ ဟနိုဗာ၊ မြူးနစ် စသည့် မြို့ ၁၅–မြို့တွင် ဗုဒ္ဓဘာသာဝင်များ အစုလိုက်ရှိကြသည်။ ဗုဒ္ဓဘာသာ ဝိဟာရစခန်းများ မြိုင်မြိုင်ဆိုင်ဆိုင် ရှိကြပေသည်။

❑

mgyoe.com

mgyoe.com



အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ

mgyoe.com

mgyoe.com

## အီတာလျံဘုန်းတော်ကြီး
## ဦးလောကနာထ

တစ်နေ့သ၌ အမေရိကန်ပြည် စက်ရုံကြီးတစ်ရုံရှိ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲဆရာကလေးတစ်ဦးသည် အလုပ်ရှုပ်လျက်ရှိသည်။ သူသည် တီထွင်မှုတစ်ရပ်ကို စမ်းသပ်လျက်ရှိသည်။ ထိုအခိုက် သူ့မိတ်ဆွေ ဓာတ်ခွဲဆရာတစ်ဦးက သူ့ထံ စာအုပ်တစ်အုပ် လာပေးသည်။ အလုပ်အားလပ်ပါက အပျင်းပြေ ဖတ်ရှုရန် လာပေးခြင်းဖြစ်သည်။ ထိုစာအုပ်မှာ ဓမ္မပဒနှင့် ဗုဒ္ဓဝင် အပါအဝင် စာအုပ် ၃–၄ အုပ်ခန့်ကို တွဲချုပ်ထားသော စာအုပ်ထူကြီးဖြစ်သည်။ ဓမ္မပဒမှာ ပါမောက္ခ မက္ကစမူလာ အင်္ဂလိပ်ဘာသာပြန်ဆိုသော စာအုပ်ဖြစ်သည်။ ဗုဒ္ဓဝင်မှာ အင်္ဂလိပ်ဘာသာဖြင့် အဿဂေါသ ရေးသော စာအုပ်ဖြစ်သည်။

ဓာတ်ခွဲဆရာကလေးသည် အလုပ်ဆင်းပြီး အိမ်သို့

mgyoe.com

ပြန်ရောက်သောအခါ ထိုစာအုပ်ထူကြီးကို အမှတ်မထင် လှန်လှောကြည့်သည်။ ထိုအခါ ဓမ္မပဒစာအုပ်ကို ဖတ်မိသွားသည်။

"စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ ရှေ့ဆောင်ကြီးမှူး ဖန်တီးသူဖြစ်သည်။ အကြင်သူသည် မကောင်းယုတ်မာသောစိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း၊ လှည်းဘီးသည် နွားခြေရာနောက်သို့ လိုက်သကဲ့သို့ ဆင်းရဲခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်လေ၏။"

ဓမ္မပဒစာအုပ်ထဲမှ ဤအပိုဒ်ကို ဖတ်ရှုလိုက်မိလျှင်ပင် သူသည် များစွာ စိတ်ဝင်စားသွားသည်။ သို့ဖြင့် ဆက်လက်ဖတ်ရှုရာ လက်ကမချနိုင်အောင် ဖြစ်သွားသည်။

ဓမ္မပဒကား နိကာယ်ငါးရပ်တို့တွင် ခုဒ္ဒကနိကာယ် အပါအဝင်ဖြစ်သည်။ စာအုပ်ပင်ငယ်သော်လည်း လူအမျိုးမျိုးတို့၏ စိတ်သဘောအမျိုးမျိုးကို လိုက်၍ ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားတော်ပေါင်းစုံ ပါရှိသည်။ တစ်နည်းအားဖြင့် တရားတော်ညွှန့်ပေါင်း ကျမ်းငယ်ဖြစ်ပေသည်။ ထိုဓမ္မပဒ ပါဠိတော်လာ တရားများကို နာကြားကြရသဖြင့် အမှန်တရားကို သိမြင်သွားကြသော လူဦးရေပေါင်း မရေမတွက်နိုင်အောင် များပြားခဲ့ပေသည်။ ဓမ္မပဒကျမ်းသည် အရှေ့နိုင်ငံသား ဗုဒ္ဓဘာသာများအတွက် နေလအသွင် ထင်ရှားခဲ့သည်။ အနောက်နိုင်ငံ၌လည်း လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်လောက်ကစ၍ တဖြည်း

mgyoe.com

mgyoe.com



ဦးလောကနာထနှင့် ဒေါက်တာဆိုနီ

mgyoe.com

mgyoe.com


ဖြည်း ထင်ရှားလာခဲ့သည်။ ယခုအခါ ဗုဒ္ဓဘာသာ ကျမ်းစာအုပ်တို့တွင် အထင်ရှားဆုံး၊ လူကြိုက်အများဆုံး၊ အကျိုးအများဆုံး စာအုပ်တစ်အုပ်အဖြစ်သို့ ရောက်ရှိနေပေသည်။ ထိုသို့ ဖြစ်သည့်အတိုင်းလည်း ယင်းကို မူလပါဠိမှသည် အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ စသည်များသို့ ပြန်ဆိုထားကြခြင်းဖြစ်ပေသည်။

ဓာတ်ခွဲဆရာကလေးသည် ဓမ္မပဒစာအုပ်ပါ အတွေးအခေါ် အဆုံးအမတို့ကို အလွန်နှစ်သက်သွားသည်။ ထိုမှတစ်ဆင့်တက်၍ ဟောပြောသူ ဗုဒ္ဓကိုလည်း အလွန်ကြည်ညိုသွားသည်။ နောက်ဆုံးတွင် ဗုဒ္ဓတရားတော်ကို နှစ်သက်ယုံကြည်သွားလေသည်။ ထို့နောက် သူသည် ဗုဒ္ဓဝင်ကို ဆက်လက်ဖတ်ရှုကာ ဗုဒ္ဓကို ပိုမိုယုံကြည်မိပြန်လေသည်။

ထူးခြားသည်ကား သူ့ကို ထိုစာအုပ်လာပေးသူသည် ထိုစာအုပ်ကိုဖတ်ခဲ့သော်လည်း ဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်သူ မဖြစ်ခဲ့။ ဓာတ်ခွဲဆရာကလေးသာလျှင် မူလက ဗရင်ဂျီဘာသာဝင် ဖြစ်နေရာမှ ထိုစာအုပ်ကိုဖတ်ရှုပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ဖြစ်လာပေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ဓာတ်ခွဲဆရာကလေးက "ကျွန်ုပ်သည် ထိုဓမ္မပဒစာအုပ်ကို ၁၉၂၂ ခုနှစ်တွင် စတင်ဖတ်ရခြင်းဖြစ်သည်။ ပထမဆုံး ဖတ်ရခြင်းဖြစ်သော်လည်း ကျွန်ုပ်၏စိတ်၌ အသစ်အဆန်းဟု မထင်မိ။ နှစ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာက ရင်းနှီးမှုရှိခဲ့၍ ကွဲကွာနေခဲ့သော အဆွေခင်ပွန်းလို

mgyoe.com

mgyoe.com


ဖြစ်သည့် စာအုပ်ဟောင်းကို ပြန်လည်ဖတ်ရှုရသည်ဟု ခံစားနေမိသည်။ ကျွန်ုပ်အဖို့ ထိုစာအုပ်ကို ဖတ်ရသည်မှာ အရသာအရှိဆုံး ဖြစ်နေပေသည်” ဟူ၍ ဆိုခဲ့ပေသည်။

ဓာတ်ခွဲဆရာကလေးကား နောင်အခါ 'အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ' အဖြစ် ထင်ရှားလာမည့် ပုဂ္ဂိုလ်ထူးပင်ဖြစ်ပေသည်။

သူသည် အီတာလျံလူမျိုးဖြစ်၍ အမည်ရင်းမှာ 'ဆာဗာတိုရေစီအိုဖီ' (Salvatore Cioffi) ဖြစ်သည်။ ၁၈၉၇ ခုနှစ်တွင် အီတလီနိုင်ငံ၊ မီလန်မြို့၌ ဖွားမြင်သည်။ မိဘနှစ်ပါးမှာ ကုန်သည်များ ဖြစ်ကြသည်။ ဗရင်ဂျီဘာသာဝင် ခရစ်ယာန်များ ဖြစ်ကြ၍ ဘာသာတရားကို လွန်စွာကိုင်းရှိုင်းကြသည်။ သူ၏ ဘကြီးနှင့် ဦးလေးတို့မှာ ဗရင်ဂျီဘုန်းကြီးများ ဖြစ်ကြသည်။ ဆာဗာတိုရေတွင် ညီအစ်ကိုမောင်နှမ ငါးယောက် ရှိသည်။ သူသည် အငယ်ဆုံးဖြစ်သည်။ ရုပ်ရည်ရူပကာယလည်း အတင့်တယ်ဆုံး ဖြစ်သည်။

မိဘနှစ်ပါးသည် ရေကြည်ရာ မြက်နုရာ ရှာဖွေသည့်သဘောဖြင့် သားသမီးများကိုခေါ်ကာ အမေရိကန်ပြည်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ဤတွင် ဆာဗာတိုရေသည် အမေရိကန်ပြည်တွင် နေထိုင်ကြီးပြင်းခဲ့ရသည်။ သူသည် အထက်တန်းကျောင်း၌ သိပ္ပံနှင့် ဝိဇ္ဇာပညာရပ်များကို ရှေးဦးစွာ ဆည်းပူးသည်။ ထို့နောက် နယူးယောက်တက္ကသိုလ်တွင် ဆက်လက် ပညာဆည်းပူးရာ ဓာတုဗေဒ အဓိကဘာသာရပ်ဖြင့်

mgyoe.com

mgyoe.com


သိပ္ပံဘွဲ့ရခဲ့သည်။ ဆာဗာတိုရေသည် သိပ္ပံပညာ၌ ထူးချွန်သဖြင့် ကြီးမားသော စက်ရုံကြီးတစ်ရုံတွင် ဓာတ်ခွဲဆရာအလုပ်ကို ရရှိခဲ့သည်။ သူသည် သိပ္ပံပညာရှင်ဖြစ်သည်။ သိပ္ပံပညာကို အထူးလိုက်စားသူဖြစ်သည်။ ထို့ကြောင့် အရာရာကို သိပ္ပံမျက်စိဖြင့် ကြည့်လေ့ရှိသည်။ သိပ္ပံဦးနှောက်ဖြင့် စဉ်းစားလေ့ရှိသည်။ သိပ္ပံပေတံဖြင့် တိုင်းထွာလေ့ရှိသည်။ သိပ္ပံပညာသာလျှင် တန်ဖိုးအရှိဆုံးဖြစ်သည်၊ ကိုးကွယ်ရာဖြစ်သည်ဟု ယူမှတ်ခဲ့သည်။

ဤသို့ရှိစဉ် သူသည် ဓမ္မပဒစာအုပ်ကို ဖတ်ရှုကာ ဗုဒ္ဓအယူဝါဒကို နှစ်သက်ယုံကြည်လာခြင်း ဖြစ်သည်။

ဆာဗာတိုရေသည် ဗုဒ္ဓတရားတော်ကို နှစ်သက်မြတ်နိုးလာသဖြင့် ဓမ္မပဒနှင့် ဗုဒ္ဓဝင်ကို ဖတ်ရှုရုံမျှဖြင့် မတင်းတိမ်နိုင်။ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော ကျန်ဗုဒ္ဓကျမ်းစာအုပ်များကိုပါ အငမ်းမရ ရှာဖွေဖတ်ရှုလေသည်။

ထိုစဉ်က သူသည် မိဘညီအစ်ကို မောင်နှမများနှင့် အတူတကွ တစ်အိမ်တည်းတွင် နေထိုင်သည်။ မိသားစုအားလုံးပင် ဗရင်ဂျီဘာသာကို များစွာ ရိုသေကိုင်းရှိုင်းကြသည်။ သူ၏အစ်ကိုတစ်ဦးကား ဗရင်ဂျီဘုန်းကြီးပင် လုပ်နေသည်။ ဤတွင် သူ့အဖို့ သူတို့ရှေ့တွင် ဗုဒ္ဓကျမ်းစာအုပ်များကို ဖတ်နေခြင်းသည် သူတို့ကို ဆန့်ကျင်ဘက်ပြုသကဲ့သို့ ရှိနေပေသည်။ ထို့ကြောင့် သူသည် တက္ကသိုလ်တစ်ခုရှိ ကျောင်းဆောင်တစ်ဆောင်၌ အခန်းငှား၍ တစ်ဦးတည်း ပြောင်းရွှေ့နေထိုင်သည်။ သူဖတ်ရှုလိုသည့် ဗုဒ္ဓကျမ်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် လွတ်လပ်စွာ

mgyoe.com

mgyoe.com


အားပါးတရ ဖတ်ရှုလေ့လာသည်။

ဤသို့ ဖတ်ရှုလေ့လာသည်နှင့်အမျှ သူသည် ဗုဒ္ဓတရားတော်ကို ပိုမိုသက်ဝင် ယုံကြည်လာသည်။ ဗုဒ္ဓတရားတော်သည် စဉ်းစားဆင်ခြင်ဉာဏ်ကို အဓိကထားသည့် သိပ္ပံနည်းအကျဆုံးသော အယူဝါဒဖြစ်သည်။ ဗုဒ္ဓသည် လူအပေါင်းကို ဘေးဒုက္ခဆင်းရဲအပေါင်းမှ ကယ်တင်သော သမားတော်ကြီး ဖြစ်သည်။ လူသားတို့သည် ဗုဒ္ဓနည်းဖြင့် ကျင့်ကြံနေထိုင်သွားမည်ဆိုပါက အစစအရာရာ အဆင်ပြေမည်။ စစ်မှန်သော ချမ်းသာသုခကို ရရှိနိုင်မည်ဟု သူမြင်မိပေသည်။

ဆာဗာတိုရေသည် ဗုဒ္ဓတရားတော်ကို ၃ နှစ်မျှ လေ့လာလိုက်စားပြီးသောအခါ လူဝတ်ကြောင်ဘဝဖြင့် နေထိုင်သည်ကို ပင် အားမရ၊ မတင်းတိမ်။ ရဟန်းဘဝဖြင့် နေထိုင်လိုစိတ်များ တဖွားဖွား ပေါ်လာသည်။ ရဟန်းပြုလျက် အနောက်တိုင်းတွင် ဗုဒ္ဓသာသနာ ပြန့်ပွားအောင် လုပ်ဆောင်ချင်နေသည်။

ဗုဒ္ဓသည် လောကီစည်းစိမ်အမျိုးမျိုးကို ခံစားနိုင်သော ဘုရင့်သားတော် ဖြစ်ပါလျက်နှင့် အသက် ၂၉ နှစ်တွင် ထိုစည်းစိမ်တို့ကို စွန့်လွှတ်၍ တောထွက်ခဲ့သည်။ အမှန်တရားနောက်သို့ ရဲဝံ့စွာ လိုက်ခဲ့သည်။ ယခု သူသည် အသက် ၂၇ နှစ်ရှိပြီ။ ဗုဒ္ဓနည်းတူ အမှန်တရားနောက်သို့ မလိုက်သင့်ပါသလော။ ဗုဒ္ဓက ဘုရင့်သားတော်။ သူက သာမန် ဓာတ်ခွဲဆရာလေး။ သူနှင့်အဆင့်အတန်း များစွာ ကွာခြားလှသည်။ သူ့ထက် အဆင့်များစွာ သာလွန်မြင့်မြတ်သော ဘုရင့်သားတော်သည်ပင်

mgyoe.com

mgyoe.com


လျှင် လောကီစည်းစိမ် ချမ်းသာများကို စွန့်လွှတ်နိုင်သေးလျှင် သူကဲ့သို့သော သာမန်လူအဖို့ သေးငယ်လှသော လောကီချမ်းသာကလေးကို ဘာကြောင့် မစွန့်လွှတ်ဘဲ နေသင့်ပါသနည်း။

သို့ဖြင့် သူသည် မိဘများမသိအောင် အလုပ်မှ တိတ်တဆိတ် နုတ်ထွက်လိုက်သည်။ ထို့နောက် မိဘများထံ သူ ဘာကြောင့်အလုပ်ထွက်၍ ဗုဒ္ဓလမ်းစဉ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ရပုံကို စာရှည်ကြီးရေး၍ ထားခဲ့သည်။ သူ၏ စုဆောင်းပြီးငွေများအနက် လမ်းစရိတ်လောက်ကိုသာ အနည်းငယ် နုတ်ယူသည်။ ကျန်ငွေအားလုံးကို မိခင်အတွက် ထားခဲ့သည်။ သူသည် တယောထိုးဝါသနာပါသူ ဖြစ်သည်။ သူ့၌ သူအလွန်မြတ်နိုးသည့် အဖိုးတန် တယောပြားကလေး တစ်လက် ရှိသည်။ ထိုတယောပြားကလေးကိုကား သူ့ဖခင် အတွက် ထားခဲ့ပေသည်။

ထို့နောက် သူသည် မိဘဆွေမျိုးများ တားဆီးခြင်းမပြုနိုင်အောင် လျှို့ဝှက်စွာ ထွက်လာခဲ့သည်။ ရှေးဦးစွာ သူသည် အင်္ဂလန်ပြည်သို့ သင်္ဘောစီး၍ လာသည်။ ထိုမှတစ်ဆင့် အိန္ဒိယသို့ သင်္ဘောဆက်စီးသည်။ အိန္ဒိယသို့ ရောက်သောအခါ ဗုဒ္ဓ ပွင့်တော်မူရာဖြစ်သော ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်သည်။ ဗောဓိပင်ခြေရင်းတွင် ဆုပန်၍ အားသစ်မွေးသည်။ ထို့နောက် ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောရာ မိဂဒါဝုန်သို့ သွားရောက်ဖူး မြော်သည်။ ဗုဒ္ဓစက္ကစေတီရှေ့တွင် ဆုပန်၍ ထပ်မံအားသစ်မွေး ပြန်သည်။ ထို့နောက် အိန္ဒိယမှတစ်ဆင့် ဗုဒ္ဓသာသနာထွန်းကား

mgyoe.com

mgyoe.com


ရာ သီရိလင်္ကာသို့ သွားရောက်လေသည်။

သူသည် သီရိလင်္ကာ၌ တရားတော်ကို အထူးလေ့လာ လိုက်စားသည်။ ထိုစဉ် မြန်မာပြည်မှ သီရိလင်္ကာသို့ ကြွရောက်လာသော အလယ်တောရဆရာတော် ဦးရေဝတနှင့် တွေ့သည်။ ဆာဗာတိုရေက ဆရာတော်ဦးရေဝတအား မြန်မာပြည်သို့ သူ လိုက်ပါလိုကြောင်း လျှောက်ထားတောင်းပန်သည်။ ဆရာတော် ဦးရေဝတကလည်း ခေါ်ယူမည်ဖြစ်ကြောင်း ကတိပြုသည်။ သို့ဖြင့် ဆရာတော်ဦးရေဝတသည် မြန်မာပြည်သို့ ပြန်ကြွခါနီး တွင် ဆာဗာတိုရေကို ခေါ်သည်။ သို့ရာတွင် ထိုအချိန်၌ ဆာဗာ တိုရေမှာ အဓိဋ္ဌာန်ဥပုသ်ဝင်နေခိုက်ဖြစ်၍ တစ်ပါတည်း မလိုက် နိုင်။ ထို့နောက်မှ ဆရာတော်ဦးရေဝတ မှာထားခဲ့သည့်အတိုင်း မြန်မာပြည်သို့ လိုက်လာခဲ့လေသည်။

မြန်မာပြည်သို့ရောက်သောအခါ ဆာဗာတိုရေသည် အလယ်တောရ ဆရာတော်ဘုရားကြီး ဦးကောသလ္လကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းခံသည်။ ထိုအချိန်၌ အသက် ၂၈ နှစ်အရွယ်ရှိပြီ။ ခုနှစ်အားဖြင့် ၁၉၂၅ ခု ဖြစ်သည်။ ထိုစဉ်က ရဟန်းဘွဲ့မှာ 'ဦးဇဝနတိက္ခ' ဖြစ်သည်။ နောင် သီရိလင်္ကာသို့ ကြွရောက်ပြီးမှ 'ဦးလောကနာထ' ဟူ၍ ဘွဲ့အမည်ပြောင်းခဲ့ သည်။

ဦးလောကနာထသည် ဗုဒ္ဓတရားတော်ကို ကောင်းစွာကျင့် ကြံလျက် မြန်မာပြည်အနှံ့ ခရီးထွက်သည်။ တရားဟောသည်။ သီရိလင်္ကာနှင့် မြန်မာပြည်သို့လည်း မကြာခဏ ကူးချည်သန်း

mgyoe.com

mgyoe.com


ချည် ပြုသည်။

တစ်ကြိမ်၌ သီရိလင်္ကာတွင် ကြွရောက်သီတင်းသုံးစဉ် ဝမ်းကိုက်ရောဂါ ရရှိသည်။ တော်တော်နှင့် မပျောက်နိုင်။ ဤတွင် အနေအထိုင်၊ အစားအသောက်၊ ရာသီဥတု အပြောင်းအလဲ ဖြစ်စေရန်သဘောဖြင့် သူ့ဇာတိဖြစ်သော အီတလီနိုင်ငံသို့ ခေတ္တ ပြန်ကြသည်။ ထိုအခါ သူ့ဆွေမျိုးများနှင့်တွေ့တော့သည်။ ဆံပင်ကိုရိတ်ပယ်လျက် သင်္ကန်းဝါဝါနှင့် ဖြစ်နေသော သူ့အသွင်ကို ဆွေမျိုးများသည် အထူးအဆန်း ဖြစ်နေကြသည်။ သူ့အပြုအမူကိုလည်း နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ထို့နောက် ဦးလေးတစ်ယောက်အိမ်တွင် ခေတ္တနေထိုင်စေပြီး နယူးယောက်မြို့ရှိ သူ့မိဘများထံ ပြန်ပို့ရန် စီမံကြသည်။

ထိုအခါ ဦးလောကနာထက မိဘများထံ မပြန်လိုတော့ကြောင်း၊ သူသည် ဗုဒ္ဓသားတော် ဖြစ်နေပြီဖြစ်ကြောင်း၊ ဗုဒ္ဓလမ်းစဉ်ကို ဆက်လက်လိုက်နာ၍ ဗုဒ္ဓတရားတော်ကို ကျင့်ကြံအားထုတ်ရမည်ဖြစ်ကြောင်း၊ အနောက်တိုင်းတွင် သာသနာပြန့်ပွားရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။ တရားလည်း ဟောသည်။ သို့ရာတွင် မရ။ ဆွေမျိုးများက သူ့ကို သွားခွင့်မပြု။ အကျယ်ချုပ်သဘောမျိုး ထားကြသည်။

နောက်ဆုံးတွင် ဦးလောကနာထက သူ့ကို သွားခွင့်မပြုပါက အစာမစားတော့ဟုဆိုကာ အစာငတ်ခံ၍ ဆန္ဒပြလေတော့သည်။

ဦးလောကနာထ အစာမစားသည်မှာ နှစ်ရက်သုံးရက်ခန့်

mgyoe.com

mgyoe.com


ကြာသွားပြီ။ ထိုအခါ ဦးလေးလုပ်သူသည် စိုးရိမ်ထိတ်လန့်လာသည်။ သူက ဒေါသတကြီးဖြင့် တူ၏လက်ကို ကိုင်လှုပ်လျက်

"ဘာလဲကွ၊ မင်းက ငါ့အိမ်ပေါ်မှာ အသေခံမလို့လား"

"ဦးလေး၊ ကျုပ်အတွက် အိန္ဒိယသွားဖို့ နိုင်ငံကူးလက်မှတ်ရအောင်လုပ်မပေးရင် အသေခံတော့မယ်"

ချက်ချင်းပင် ဦးလေးသည် တူ၏လက်ကိုဆွဲလျက် မြို့တော်ဝန်အိမ်သို့ ခေါ်သွားသည်။ မြို့တော်ဝန်အား ဦးလောကနာထအတွက် အိန္ဒိယပြည်သွား နိုင်ငံကူးလက်မှတ် လုပ်ပေးရန် တောင်းပန်ပြောဆိုသည်။ မြို့တော်ဝန်မှာလည်း ဦးလောကနာထ၏ ဆွေမျိုးတစ်ဦးပင် ဖြစ်သည်။ နိုင်ငံကူးလက်မှတ်ကို ရှောရှောရှူရှူပင် ထုတ်ပေးလိုက်သည်။

ဦးလောကနာထအဖို့ အိန္ဒိယသို့သွားရန် နိုင်ငံကူးလက်မှတ်တော့ ရပါပြီ။ သို့ရာတွင် ခရီးစရိတ်ကား မရှိတော့။ သူရောက်ရှိလာစဉ် ပါလာသော ငွေအနည်းငယ်မှာလည်း ကုန်သွားပြီ။ ဆွေမျိုးများကလည်း သူတို့ကို ဆန့်ကျင်သူဖြစ်သဖြင့် ငွေကြေးမထောက်ပံ့ကြ။ သူ့၌ သင်္ကန်းတစ်ထည်နှင့် သပိတ်တစ်လုံးသာ ရှိတော့သည်။ သို့ရာတွင် သူကားမမှု၊ ရှေးဦးစွာ ပြင်သစ်ပြည် မာဆေးမြို့သို့ သွားသည်။ ထို့နောက် မာဆေးမြို့မှ တစ်ဆင့် ပြင်သစ်၊ ဆွစ်ဇာလန်၊ ဩစတြီးယား၊ ယူဂိုစလားဗီးယား၊ ဘူလ်ဂေးရီးယား၊ တူရကီ၊ ဆီးရီးယား၊ ပါလက်စတိုင်းတို့ကို ခြေကျင်ဖြတ်သန်းပြီးလျှင် အိန္ဒိယသို့ အရောက်သွားသည်။

mgyoe.com

mgyoe.com


သူ ဖြတ်သန်းလာခဲ့ရသော ခြေကျင်ခရီးမှာ မိုင်ပေါင်းများစွာ ရှည်လျားလှသည်။ အချိန်အားဖြင့် စုစုပေါင်း ၈ လကျော်ကျော် ကြာသည်။

ဤသို့ ခြေကျင်ခရီးသွားရသည်နှင့် ပတ်သက်၍ ဦးလောကနာထက "ဗုဒ္ဓသည် ဈာန်ပျံနိုင်သော်လည်း ခြေကျင်ခရီးဖြင့်သာ သွားခဲ့သည်။ ဗုဒ္ဓ၏သားတပည့်ဖြစ်သော မိမိသည်လည်း ဗုဒ္ဓလမ်းစဉ်အတိုင်း ခြေကျင်ခရီးကို မညည်းမညူ သွားခဲ့ပါသည်" ဟူ၍ ဆိုခဲ့ပေသည်။

ဦးလောကနာထသည် ခြေကျင်ခရီးရှည် သွားခဲ့ရာတွင် အပြည်ပြည်၊ အမြို့မြို့၊ အရွာရွာကိုလည်း ဖြတ်သန်းခဲ့ရသည်။ တောတောင်အထပ်ထပ်၊ လျှိုမြောင် အသွယ်သွယ်ကိုလည်း ဖြတ်ကျော်ခဲ့ရသည်။ မြစ်ချောင်း အင်းအိုင်များကိုလည်း ကူးဖြတ်ခဲ့ရသည်။ လူအမျိုးမျိုးကိုလည်း ကြုံတွေ့ခဲ့ရသည်။ ထိုသူများကား လူမျိုးခြားများ။ ထို့ပြင် လူကောင်းများ။ ထို့ပြင် လူဆိုးများ။ ထို့ပြင် လူကောင်းလူဆိုး မဟုတ်သူများ။

တစ်နေ့သ၌ ဦးလောကနာထသည် တူရကီတောင်ပိုင်းရှိ တောင်တန်းတစ်ခုကို ဖြတ်ကျော်စဉ် တူရကီ တောပုန်းဓားပြများ၏လက်သို့ ကျရောက်ခဲ့သည်။ ဓားပြများသည် သူ့ကို ဖမ်းဆီးကာ ဓားဖြင့် လည်ကိုဖြတ်မည် ပြုကြသည်။ ထိုအခါ သူသည် ဗုဒ္ဓ၏လက်စွဲဖြစ်သော 'မေတ္တာ' လက်နက်ကို ကိုင်စွဲကာ တိုက်ပွဲဝင်ခဲ့သည်။ အနိုင်ရခဲ့သည်။ အသက်ဘေးမှ ချမ်းသာရာရခဲ့သည်။ ထိုအကြောင်းကို ဦးလောကနာထက ဤသို့ ရေးသား

mgyoe.com

mgyoe.com


ဖော်ပြထားသည်။

"ကျွန်ုပ်သည် ဆိုးသွမ်းမှုအရာတွင် နာမည်ကြီးလှသည့် တူရကီတောင်ပိုင်းရှိ တိုးရပ်(စ်) တောင်တန်းကို ဖြတ်ကျော်စဉ် တူရကီ တောပုန်းဓားပြများ၏ ဖမ်းဆီးခြင်းကို ခံရသည်။ သူတို့သည် ကျွန်ုပ်ကို ချောင်ကောင်းကောင်း တစ်နေရာသို့ ခေါ်ဆောင်သွားသည်။ ထို့နောက် သူတို့၏ဓားသွားများ မည်မျှထက်သည်ကို စမ်းသပ်သည့်အနေဖြင့် ကျွန်ုပ်၏လည်မျိုကို ခုတ်ပိုင်းရန် ပြင်ဆင်ကြသည်။ ကျွန်ုပ်သည် သေရပေတော့မည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာကို အာရုံပြုထားသည်။ ထိုစဉ် '၃၁ ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းအား လှိုက်လှဲစွာ မေတ္တာထားသူကို ဓားလက်နက်တို့ မစူးဝင်နိုင်၊ မီးသည်မလောင်နိုင်၊ အဆိပ်သည် မထိရောက်နိုင်' ဟူသော ဗုဒ္ဓ၏စကားကို ကျွန်ုပ် သတိရမိသည်။ သို့ဖြင့် ကျွန်ုပ်သည် သန့်ရှင်းစင်ကြယ် မြင့်မြတ်လှသော မေတ္တာလက်နက်ကို အသုံးပြုတော့သည်။ ကျွန်ုပ်သည် မြေပေါ်၌ တင်ပလ္လင်ခွေထိုင်လျက် မျက်လုံးအစုံကို မှိတ်လျက်၊ ဓားပြများအပေါ် မေတ္တာထားကာ စူးစိုက်စွာ မေတ္တာပို့လျက် ရှိသည်။ မိခင်သည် မိမိ၏တစ်ဦးတည်းသော သားရင်သွေးကို အသက်စွန့်၍ စောင့်ရှောက်သည့်နည်းတူ ကျွန်ုပ်တို့သည်လည်း သတ္တဝါတို့အပေါ်၌ အကန့်အသတ် အပိုင်းအခြားမရှိသည့် မေတ္တာမျိုး ထားရမည်ဟူ၍ ဗုဒ္ဓဆိုဆုံးမခဲ့သည် မဟုတ်ပါလော။ သို့ဖြင့် ကျွန်ုပ်သည် မိမိကိုယ်ကို မိခင်နေရာ၌ထားလျက် ကျွန်ုပ်ကိုသတ်မည်ပြုသော ဓားပြနှစ်ဦးကို ကျွန်ုပ်၏သား

mgyoe.com

mgyoe.com


အရင်းနှစ်ဦးပမာ သဘောထားလျက် 'ငါ့သားနှစ်ဦးသည် ချစ်ခင်နှစ်လိုဖွယ် ကောင်းလှပေသည်တကား၊ ငါ့သားနှစ်ဦးအတွက် ငါ့အသက်ကို ကြည်ဖြူစွာ ပေးအပ်တော့မည်တကား' ဟူ၍ အာရုံပြုထားပါသည်။

ဤသို့ အာရုံပြုရင်း သူတို့နှစ်ဦးအပေါ် လိုက်လှဲစွာ မေတ္တာပွားများနေမိသည်။ ထူးခြားသည်ကား ကျွန်ုပ်သည် ယခင်က ကျနစွာ ကမ္မဋ္ဌာန်းမထိုင်ခဲ့ဖူးပါ။ ယခုမှသာ အလိုလိုကျနစွာ ကမ္မဋ္ဌာန်းထိုင်မိပြီး မေတ္တာဘာဝနာ ပွားများနေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏ယုံကြည်ချက်ကို ဖွင့်ဟ ပြောပြလိုပါသည်။ အကယ်၍ သင်သည် သေမည့်ဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရပါက တစ်ခုတည်းသော လက်နက်ဖြစ်သည့် မေတ္တာကိုသာ ထားပါ၊ ထိုဘေးမှ မုချလွတ်ပါလိမ့်မည်။ ယခုအရေးတွင်လည်း ကျွန်ုပ်သည် မေတ္တာဘာဝနာကိုသာ ပွားနေခဲ့ပါသည်။ သို့နေရာမှ လည်ကုပ်ပေါ်သို့ ဓားသွားကျအလာကို စောင့်မျှော်နေမိပါသည်။ ထိုစဉ်က တစ်မိနစ်သည် အနှစ်တစ်သန်းလောက် ရှည်ကြာသည်ဟု ထင်ရပါသည်။ နောက်ဆုံး၌ လည်ကုပ်ပေါ်သို့ ဓားသွားကျမလာတော့ပါ။ ဓားပြများက ကျွန်ုပ်အား နေရာမှထခိုင်းပြီး 'သွားတော့' ဟူ၍ ဆိုလိုက်ပါသည်။ မေတ္တာတန်ခိုးကား ကြီးမားလှပါဘိ။ ဓားပြများသည် သူတို့မိခင်ကို မသတ်နိုင်ပါ။ ထို့အတူ မိခင်မေတ္တာထားနေသော ကျွန်ုပ်ကိုလည်း မသတ်နိုင်တော့ပါ။ ဗုဒ္ဓ၏မေတ္တာလက်နက်သည် ကျွန်ုပ်၏အသက်ကို ချမ်းသာရာရစေခဲ့ပါသည်။ ကျွန်ုပ်အား အောင်မြင်မှုကို ဖြစ်စေခဲ့ပါသည်။

mgyoe.com

mgyoe.com


နောက်ဆုံး၌ ဦးလောကနာထသည် အိန္ဒိယသို့ ဘေးမသီရန်မခဘဲ ဆိုက်ရောက်ခဲ့သည်။ ထို့နောက် မြန်မာပြည်သို့ ရောက်ရှိလာသည်။ နောက်ထပ်၍ ဒုတိယအကြိမ် သိက္ခာထပ် ရဟန်းခံခဲ့ပြန်သည်။

၁၉၃၂ ခုနှစ်လောက်တွင် ဦးလောကနာထသည် မန္တလေးမစိုးရိမ်ကျောင်းတွင် ဝါဆိုလျက် ဆရာတော်ဦးဉာဏထံ၌ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာကို သင်ယူသည်။ ဆရာတော်ဦးဉာဏက အင်္ဂလိပ်ဘာသာဖြင့် ပို့ချပေးသည်။

ဦးဉာဏသည် လူဝတ်ကြောင်ဘဝက အင်္ဂလိပ်ကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသည်။ ဆာမြဘူး၊ ဦးဖေမောင်တင်တို့နှင့် ကျောင်းနေဖက် ဖြစ်သည်။ အင်္ဂလိပ်စာ အလွန်ကျွမ်းကျင်သည်။ ရဟန်းပြုသောအခါ အဂ္ဂမဟာပဏ္ဍိတ ပထမကျော်ဆရာတော် ဦးဉာဏဘွဲ့အမည်ဖြင့် ထင်ရှားသည်။ လယ်တီဆရာတော်ဘုရားကြီး၏ ကျမ်းပေါင်းများစွာကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သူဖြစ်သည်။

ဦးလောကနာထသည် ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် အားသွန်ကြိုးပမ်း ဆောင်ရွက်သူတို့တွင် ထိပ်တန်းက တစ်ပါးအပါအဝင် ဖြစ်သည်။ တစ်နည်းအားဖြင့် ဗုဒ္ဓလမ်းစဉ်ကို တစ်သဝေမတိမ်း လိုက်နာသူဖြစ်သည်ဟု ဆိုရမည်။

ဗုဒ္ဓသည် ဘုရားအဖြစ်ကိုရရှိပြီးနောက် ရှေးဦးစွာ ပဉ္စဝဂ္ဂီငါးဦးကို မိဂဒါဝုန်၌ တရားဦးဟောခဲ့သည်။ ထို့နောက် ထိုငါးဦးကို သံဃာ့အဖွဲ့အစည်းအဖြစ် လက်ခံခဲ့သည်။ ထို့နောက် ဗာရာ

mgyoe.com

mgyoe.com


ဗာသီမြို့မှ သူဌေးသား ယသနှင့် သူ၏မိတ်ဆွေ ငါးဆယ်ကျော်ကို လက်ခံခဲ့သည်။ ဗုဒ္ဓသည် မိဂဒါဝုန်တောရှိ တဲကျောင်းငယ်၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးနေထိုင်ခဲ့သည်။ ထိုအတွင်း သစ္စာလေးပါးတရားကို ဟော၍ သံဃာ့အဖွဲ့အစည်းကို စတင်ထူထောင်ခဲ့သည်။ စုစုပေါင်း သံဃာ ၆၀ စုစည်းမိသည်။ ထိုပုဂ္ဂိုလ်မြတ်တို့ဖြင့် ဗုဒ္ဓသာသနာပြန့်ပွားအောင် ကြိုးပမ်းခဲ့သည်။

ဗုဒ္ဓက ထိုပုဂ္ဂိုလ်မြတ်တို့အား "ရဟန်းတို့၊ လူအများ၏ အကျိုးစီးပွားအတွက်၊ လူအများ၏ ချမ်းသာမှုအတွက်၊ လောကအား ကြင်နာထောက်ထားရန်အတွက်၊ နတ်လူတို့၏ အကျိုးစီးပွားချမ်းသာအတွက် လှည့်လည် သွားလာကြကုန်လော့၊ နှစ်ယောက်တွဲ၍ မသွားကြကုန်လင့်၊ ငါလည်း ဥရုဝေလာသေနရွာသို့ တရားဓမ္မဟောကြားရန် သွားပေအံ့" ဟု ဆိုကာ တစ်ပါးစီခွဲ၍ သာသနာပြုစေခဲ့ပေသည်။ ဗုဒ္ဓဦးဆောင်သော ထိုပုဂ္ဂိုလ်မြတ်တို့၏ ဦးဆောင်ကြိုးပမ်းမှုကြောင့် ယနေ့ကမ္ဘာတွင် သန်းပေါင်းငါးရာသော လူသားတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်နေကြပေပြီ။

ဤဗုဒ္ဓလမ်းစဉ်ကို ဦးလောကနာထသည် များစွာနှစ်သက်ဟန်တူသည်။ ထို့ကြောင့် သူသည် ကမ္ဘာအဝန်း သက်န်းရောင်လွှမ်းစေအံ့ဟူသော အကြံဖြင့် သာသနာပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။ ရှေးဦးစွာ သူသည် ၁၉၃၃ ခု၊ ဇန်နဝါရီလတွင် မြန်မာရဟန်း သံဃာတော် ၂၂၇ ပါးကို ဦးဆောင်လျက် မြန်မာပြည်မှ အိန္ဒိယပြည် ဗုဒ္ဓဂယာသို့ ခြေကျင် ကြွချီခဲ့သည်။ မူလက

mgyoe.com

mgyoe.com


ရဟန်းသံဃာ ၈၀ သာ ခေါ်ယူစည်းရုံးခဲ့သည်။ စိတ်အားထက်သန်ကြသဖြင့် ရဟန်းသံဃာ ၂၂၇ ပါးအထိ တိုးပွားလာသည်။ မြန်မာတစ်ပြည်လုံး လှုပ်လှုပ်ရွရွ အားပေးကြသည်။

ဦးလောကနာထ အမှူးပြုသော သံဃာ ၂၂၇ ပါးသည် ရှေးဦးစွာ ရွှေတိဂုံဘုရားကို စုရပ်အဖြစ် သတ်မှတ်သည်။ ထိုကမှ စတင်၍ ပြည်မြို့သို့ ကြွသည်။ ထို့နောက် ရခိုင်ရိုးမကို ဖြတ်ကျော်သည်။ ရိုးမလမ်းခရီးတွင် ၈ ရက်တိတိ ကြာခဲ့သည်။ ကျား၊ ဆင်တို့နှင့် ရင်ဆိုင်ခဲ့သည်။ ဘေးမသီ ရန်မခ ဗုဒ္ဓဂယာသို့ ဆိုက်ရောက်ကြသည်။ ထိုအခါ ဦးလောကနာထသည် လက်ထောက်ဆရာတော်တစ်ဦးဖြင့် ထိုရဟန်းသံဃာများကို လွှဲအပ်ပြီး အိန္ဒိယ၌ ခေတ္တနားနေစေခဲ့သည်။

ထို့နောက် ဦးလောကနာထသည် ထိုင်းသို့ ကြွချီပြီးလျှင် ထိုင်းရဟန်းသံဃာများကို စည်းရုံးပြန်သည်။ ၁၉၃၄ ခုတွင် ထိုင်းရဟန်းသံဃာတော် ၁၅၀ ကို ဦးဆောင်လျက် ဟိမဝန္တာသို့ ခြေကျင် ကြွချီပြန်သည်။ ဤသို့ ကြွချီစဉ် မြန်မာပြည်ကို ဖြတ်သန်းလာရာ မြန်မာလူထုက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ အားပေးကြသည်။ ဦးလောကနာထ ဦးဆောင်သော ထိုင်းသံဃာတော်များသည် ရန်ကုန်မြို့သို့ ရောက်သောအခါ ရွှေတိဂုံဘုရားကို တက်ရောက်ဖူးမြော်ကြသည်။ ရန်ကုန်လူထုက သဒ္ဓါတရားကြီးလှစွာဖြင့် ဆွမ်းများ လှူဒါန်းကြသည်။ ဆွမ်းများမှာ တစ်မနက်အတွင်း လော်ရီကား ၃ စီးတိုက် ရရှိသည်။ ထိုအထဲတွင် အချိုပွဲအတွက် ဒူးရင်းသီး အလုံး ၂၀၀ လည်း

mgyoe.com